# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်နေ့ | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၀၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော်ကို ဇန်နဝါရီ ၁၉ ရက်အထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်

**မန္တလေး ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ၏ အထိမ်းအမှတ် Landmark တစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော်( Floral Fantasia 2024) သို့ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်အထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်ထားကြောင်း သိရသည်။

"ပြင်ဦးလွင်မြို့ကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်မှုများသလို နေ့ထူးနေ့မြတ်ကာလ၊ အခါကြီးရက်ကြီးတွေမှာဆိုရင် အနယ်နယ်အရပ်ရပ်ကပြည်သူတွေပါ လာရောက်လည်ပတ်မှုများပါတယ်။ ပြင်ဦးလွင်မြို့မှာ သဘာဝအလှအပရှုခင်းတွေကိုကြည့်ရှုရင်း အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်မယ့် နေရာတွေ အများကြီးရှိပါတယ်။ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် *စာမျက်နှာ ၄ ကော်လံ ၁* ❑

## တာချီလိတ်မြို့၌ ကျေးရွာအလိုက် လားဟူတိုင်းရင်းသားများ နှစ်သစ်ကူးပွဲတော်ကျင်းပ



**တာလေ ဇန်နဝါရီ ၁၂**

လားဟူတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို ၎င်းတို့နေထိုင်ရာ တောင်ပေါ်၊ မြေပြန့်ဒေသအလိုက် နှစ်စဉ် အစဉ်အလာမပျက် ကျင်းပပြုလုပ်ရာ လားဟူနှစ်ကူးပွဲတော်ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မော်ဝန်းကျေးရွာ၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပသည်။

ဦးစွာ နှစ်သစ်ကူးပွဲတော်ကို မော်ဝန်းကျေးရွာ၌ ကျင်းပရာ မိုင်းကိုးကျေးရွာအုပ်စုရှိနမ့်တွန်၊ မေတွီ၊ နမ့်မွမ်း၊ ပါဆန်းနှင့် အောက်ကာဘကျေးရွာအတွင်းရှိ တောင်ပေါ်နှင့် ကျေးရွာအသီးသီးတွင် *စာမျက်နှာ ၅ ကော်လံ ၁* ❖


**ယနေ့ ဖတ် စ ရာ**

**မြန်မာနိုင်ငံတွင် ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ကုသရေးကဏ္ဍတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ** ဆောင်းပါး စာ ၁၀

**တာဝန်သိစွာ သတင်းပေးတိုင်ကြားခြင်းဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့** ဆောင်းပါး စာ ၁၁

**ထရမ့်၏အရှေ့အလယ်ပိုင်းဆိုင်ရာ သံတမန်နှင့် အစ္စရေးဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး** နိုင်ငံတကာသတင်း စာ ၁၄




## ၁၂ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၀၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

## မိုင်းခတ်မြို့နယ်ရှိ ကျေးရွာသုံးရွာကို အကျိုးပြုသည့် ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**မိုင်းခတ် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ဝမ်ပြန်ကျေးရွာ၊ ယန်းတောင်းကျေးရွာနှင့် ဆွပ်ပလောင်ကျေးရွာတို့ရှိ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိနိုင်ရန်ရည်ရွယ်၍ ဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် နမ့်လွေချောင်းဘေးတွင် အဆိုပါကျေးရွာသုံးရွာကို ဆိုလာစနစ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးရန် အရှည် တစ်မိုင် ခုနစ်ဖာလုံရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ 15.54K watt ရှိ ဆိုလာ ၂၈ ချပ် တပ်ဆင်ခြင်း၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာများသို့ ရေရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ရေပေးဝေရေးနည်းစနစ်များကို နည်းစနစ်မှန်မှန်သုံးစွဲနည်းတို့ကို ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၅၃ ဒသမ ၆၄၆ သန်း အကုန်အကျခံကာ ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် Green Irrawaddy Energy ကုမ္ပဏီမှ ကျေးရွာသူ ကျေးရွာသားများပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဝမ်ပြန်ကျေးရွာ၊ ယန်းတောင်းကျေးရွာနှင့် ဆွပ်ပလောင်ကျေးရွာတို့ရှိ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသည့် သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မြန်မာ့အလင်း

## နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ ဆန္ဒအမှန်ဖြစ်သော ငြိမ်းချမ်းရေး

ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးသည် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးမှာ မရှိမဖြစ်လိုအပ်သည်။ သို့ရာတွင် လက်ရှိပြည်တွင်းဒေသအသီးသီးတို့တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များစွာတို့ကြောင့် အပြစ်မဲ့ပြည်သူများစွာ ဆင်းရဲဒုက္ခရောက်နေကြရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်မှာ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏ အာဏာများပြန်လည်အပ်နှင်းသွားရန်ပင်ဖြစ်ပြီး အတိအလင်း ထုတ်ဖော်ပြောကြားထားပြီးလည်းဖြစ်သည်။ ယင်းရည်မှန်းချက်အောင်မြင်စေရေးအတွက် တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိရန်မှာ လွန်စွာအရေးကြီးသည်။ နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုများမှာမလိုလားအပ်သည့် လက်နက်ကိုင်လမ်းစဉ်များကြောင့်ပင်ဖြစ်ပြီး ပြည်ပမှ သွေးထိုးမြှောက်ပင့် ပံ့ပိုးသူများနှင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို ပြန်လည်ဖျက်ဆီးနေခြင်းလည်းဖြစ်သည်။ ယင်း၏ ဒဏ်ကို ခံစားနေကြရသူများမှာမူ အပြစ်မဲ့ပြည်သူများ၊ ကလေးလူငယ်များနှင့် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် ရဟန်းသံဃာများပါမကျန် ပါဝင်သည်။

ခေတ်အဆက်ဆက် လက်နက်ကိုင်တိုက်ခိုက်မှုများသည် နိုင်ငံရေးအရ မကျေလည်မှုကို အကြောင်းပြကြခြင်းဖြစ်သော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် လမ်းဖွင့်ပေးခြင်း၊ ကမ်းလှမ်းခြင်းတို့ပြုသည့်အခါတွင် အကြောင်းအမျိုးမျိုးပြ၍ နိုင်ငံရေးလမ်းကြောင်းကို ရှောင်လွှဲသွားကြသည်။ ပါတီစုံဒီမိုကရေစီခေတ်တွင် ဒီမိုကရေစီလမ်းကြောင်းမှ လျှောက်လှမ်း၍ ပြည်ထောင်စုကြီးကို တညီတညွတ်အတူတကွ တည်ဆောက်ကြရန်ဆိုသည်ထက် တစ်သီးတခြားရပ်တည်လိုမှုကို ရှေ့တန်းတင်လာကြသည်။ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များသာမက လမ်းတံတား၊ အခြေခံအဆောက်အအုံများ၊ ဆေးရုံနှင့် စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများပါမကျန် ပျက်စီးဆုံးရှုံးရသည်။ စင်စစ်အားဖြင့် ဤနိုင်ငံအတွင်း နိုင်ငံသားအချင်းချင်းလက်နက်ကိုင်တိုက်ခိုက်နေခြင်းသည် နိုင်ငံအတွက် ထိခိုက်နစ်နာဆုံးရှုံးမှုချည်းသာဖြစ်သည်။ သေကျေဒဏ်ရာရ ပျက်စီးဆုံးရှုံးသမျှအရာဝတ္ထုပစ္စည်းများ၊ ငွေကြေးများအားလုံးတို့မှာ မိမိတို့နိုင်ငံ၏ အရင်းအမြစ်များသာဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုများစွာ စုပေါင်းနေထိုင်ကြသည့်နိုင်ငံတွင် မတူကွဲပြားသည့် လူမျိုးစုများအကြား စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည့်အစား ပြည်ပမှ မြှောက်ပင့်သွေးထိုးလှုံ့ဆော်မှုများကိုအကြောင်းပြု၍ လက်နက်ကိုင်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ကြပါက ပြည်တွင်း မတည်ငြိမ်မှုနှင့်အတူ အားနည်းချည့်နဲ့သည့် အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏အားသည် ထိုနိုင်ငံ၏ ပြည်တွင်း၌ရှိသည့် အားသာလျှင်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးတို့ကို ပြည်တွင်းအားဖြင့်သာ အဓိကတည်ဆောက်ကြရမှာဖြစ်သည်။ မိမိတို့နိုင်ငံသည် တိုးတက်ကြီးပွားရန် အခြေအနေအရပ်ရပ်တို့ ပိုင်ဆိုင်ထားပါလျက်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးလမ်းကြောင်းပေါ်သို့ မရောက်နိုင်ဘဲ လက်နက်ကိုင်ပဋိပက္ခ သံသရာများနှင့်သာ ရင်ဆိုင်နေကြရသည်။ နိုင်ငံနှင့် လူမျိုးတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် လက်နက်ကိုင် ပဋိပက္ခများကို ရပ်တန့်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ကျေလည်အောင်ဖြေရှင်းပြီး ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်ကြရမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးသည် တောင်ပေါ်မြေပြန့် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး၏ စစ်မှန်သော အလိုဆန္ဒအဖြစ် အလေးအနက်ဂရုပြုကြရပါမည့်အကြောင်း။ ။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ

**မြစ်ကြီးနား ဇန်နဝါရီ ၁၂**

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**အလှူငွေများ ပေးအပ်လှူဒါန်း**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် အဖွဲ့ဝင်များနှင့်အတူ ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်းရှိ တောင်တန်းသာသနာပြု ဗဟိုကျောင်း ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရဉာဏနှင့် သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထား၍ အလှူငွေကျပ်သိန်း ၃၀၊ ဆန်အိတ် ၅၀ နှင့် စားဆီ ၅ ပုံးတို့ကို လှူဒါန်းပြီး မချမ်းဘော့မြို့နယ်အတွင်း တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ စေတီတော် ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**အစာအိတ်များ ပေးအပ်**

ထို့နောက် ပူတာအိုမြို့နယ်အတွင်းရှိ တပ်နယ် ဧက ၅၀၀ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ (နမ့်တာလဲ)၌ သီးပင်စားပင် စိုက်ပျိုးထားရှိမှု၊ ဥစားကြက်နှင့် အသားတိုးဝက်များမွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးဆောင်ရွက်နိုင်မှုနှင့် ဒေသတွင်း ပြန်လည်ရောင်းချပေးနိုင်သည့် အခြေအနေများကို မေးမြန်းဆွေးနွေးကာ မွေးမြူရေးအထောက်အကူပြုဆေးဝါးများနှင့် စွမ်းအားပြည့်ဖြည့်စွက်အစာအိတ်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် အဖွဲ့ဝင်များနှင့်အတူ ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက ပူတာအိုဒေသဆိုင်ရာအချက်အလက်များကို လည်းကောင်း၊ မြို့မိ၊ မြို့ဖများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များက

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်းရှိ တောင်တန်းသာသနာပြုဗဟိုကျောင်း ကျောင်းထိုင်ဆရာတော်ထံ အလှူငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပူတာအို မြို့မရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို)၌ ကျောင်းသားကျောင်းသူများအား ချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ဒေသတွင်း ဝမ်းစာဖူလုံအောင်ကြိုးစား**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန်နှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးကို အလေးအနက်ထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပူတာအိုဒေသခံများအနေဖြင့် ဒေသတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ဝမ်းစာဖူလုံအောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ဘာသာရေးအဖွဲ့(၁၃)ဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ၊ ပူတာအိုမြို့နယ်နှင့် မချမ်းဘော့မြို့နယ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် DTH စလောင်းအစုံ ၃၀၊ တောင်သူများအတွက် အစေ့ထုတ်ပြောင်းနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့အိတ်များ၊ အိမ်သုံးဆိုလာ အစုံ ၅၀၊ နိုင်ငံတော်က အခမဲ့ပေးအပ်သည့် ကျောင်းသုံးဗလာစာအုပ်များ ချီးမြှင့်ပေးအပ်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဒေသထွက် အသင့်စားထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပူတာအိုမြို့မရပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို)အတွင်းရှိ ကျောင်းသူ အိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ ပူတာအိုမြို့နယ်အတွင်းရှိ တပ်နယ်ကေ ၅၀၀ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ (နမ့်တာလဲ) ၌ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ပူတာအို မြို့မရပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို)၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများ၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပစ္စည်းများနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်ချီးမြှင့်၍ သင်တန်းကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့် ကျောင်းသား ကျောင်းသူအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယမန်နေ့ညနေပိုင်းက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခါကာဘိုရာဇီရိပ်သာ ညှိနှိုင်းခန်းမဆောင်၌ ပူတာအိုဒေသအတွင်းရှိ ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်ံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈) ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၆-၁-၂၀၂၅ ရက်မှ ၁၄-၂-၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှွာင်ံ)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှာင်ံမြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

❑ ***ရှေ့ဖုံးမှ***

(၁၇) ကြိမ်မြောက် ပန်းပွဲတော် ( Floral Fantasia 2024) ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ သတ်မှတ်ထားရာကနေ ဇန်နဝါရီ ၁၉ ရက်အထိ ထပ်မံတိုးမြှင့် ဖွင့်လှစ်ပေးထားပါတယ်”ဟု ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ခံအမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက ပြောသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက်ပန်းပွဲတော်ကို ဇန်နဝါရီ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်းပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများ ပြသသည့် ဇုန် တစ်ဇုန် အပါအဝင် ဇုန် ရှစ်ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ် ၂၀ မှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ မျိုး ၂၀ စုစုပေါင်း ပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်းပါရှိကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက်ပန်းပွဲတော်၊ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းနှင့် အထင်ကရနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

**(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သုတေသနဌာနခွဲ (ပြင်ဦးလွင်)နှင့် MSME များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ (ပြင်ဦးလွင်)၌ MSME လုပ်ငန်းများ၏ စားသောက်ကုန်များ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ရေများကို စမ်းသပ်စစ်ဆေးပေးနိုင်ရန် ဓာတ်ခွဲခန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အချိန်မီပြည့်ဆည်းဆောင်ရွက်ပေး**

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဓာတ်ခွဲခန်းဖွင့်လှစ်မည့် အဆောက်အအုံကို ကောင်းမွန်သော ဓာတ်ခွဲခန်းအလေ့အကျင့် (GLP) များနှင့်အညီ တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းကို MSME များ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူဖြစ်စေရန်၊ ဓာတ်ခွဲခန်းအတွက် လိုအပ်သောစက်ပစ္စည်းကိရိယာများအား အချိန်မီပြည့်ဆည်းဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့သည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး**

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ် ကံဦးစံပြကျေးရွာရှိ အသားခြောက်လုပ်ငန်းနှင့် အေးခဲသားများထုတ်လုပ်သည့် လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်နေစဉ် တွေ့ကြုံရသည့် အခက်အခဲများရှိပါက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း တင်ပြရန်၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်၍ ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန် ဆွေးနွေးပြောကြားကာ လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မိတ္ထီလာမြို့နယ် ကံဦးစံပြကျေးရွာရှိ အသားခြောက်လုပ်ငန်းနှင့် အေးခဲသားများ ထုတ်လုပ်သည့် လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

# ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်နယ်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၁ ရက်က တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည်။




၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ် ပညာရေးစုံညီပွဲတော်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများက ရှမ်းတိုင်းရင်းသားတိုးနယားနှင့် ကိန္နရာ၊ ကိန္နရီအကအဖွဲ့၊ ဘင်ခရာတပ်ဖွဲ့၊ ပန်းဖွားအကအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပညာရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်နေခြင်းသည် စုံညီပွဲတော်ကို ကျင်းပရသည့်ရည်ရွယ်ချက်များကိုအကောင်အထည်ဖော်နေခြင်းဖြစ်ပြီး တစ်နှစ်အတွင်း ကာယ၊ ဉာဏ ထူးချွန် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်သည့်ပွဲဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် လူသားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားဆောင်ရွက်နေသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ပညာရေးစုံညီပွဲတော် ကျင်းပပေးခြင်းသည် စည်းလုံးညီညွတ်မှု၊ ပူးပေါင်း ဆောင်ရွက်တတ်မှု၊ ထူးချွန် ထက်မြက်သူများအား ချီးမြှင့်ဂုဏ်ပြုပေးခြင်းဖြင့် အတုယူတတ်စေရန် အားကျပြီး ကြိုးစား လုပ်ကိုင်ချင်သည့်စိတ်ဖြစ်လာစေရန်၊ နောင်တစ်ချိန်တွင် နိုင်ငံ့တော်တာဝန် ထမ်းဆောင်ကြမည့် လူကောင်းလူတော်များ မွေးထုတ်ပေးရန်ရည်ရွယ်၍ ပညာရေးစုံညီပွဲတော်ကို ကျင်းပပေးရခြင်းသည် မမှားပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နေရာတွင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ ဉာဏပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ဖွံ့ဖြိုးမှု စသည့် ဖွံ့ဖြိုးမှုငါးရပ်နှင့် ပြည့်စုံသော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူသားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးလမ်းသွယ်သုံးခုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ လမ်းသွယ်သုံးခုမှာ ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပပညာရေး၊ လူတိုင်းအကျုံးဝင် ပညာရေးတို့ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့်ပညာရေးစုံညီပွဲတော်တွင် ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရေးဝန်ထမ်းများ စုံညီစွာ တွေ့ကြုံရသည့်အတွက် ပညာရေးဌာန ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်သည့် နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးနိုင်စေရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဉာဏစွမ်းရည်နှင့် ကာယစွမ်းရည် ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးပြီး ပြည်နယ်အဆင့် ဉာဏစွမ်းရည်၊ ကာယစွမ်းရည် ဆုရ ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးများက ဆုများ ချီးမြှင့်ပေးအပ်ကြပြီး အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုတိုင်းရင်းသားအကဖြင့် လည်းကောင်း၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့နွဲပျော် သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့သိုင်းသရုပ်ပြသနေမှုကိုကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးပြီး ပညာရေးစုံညီပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၏ စမ်းသပ်တီထွင်ထားရှိမှုများ၊ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ မူကြိုကလေးများအား နှုတ်ဆက်ကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း၌ ပညာရေးစုံပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

❖ *ရှေ့ဖုံးမှ*

နေထိုင်သော လားဟူတိုင်းရင်းသား လူငယ်မောင်မယ်အကအဖွဲ့များက အဖွဲ့လိုက် ရှေးရိုးရာဘူးပလွေမြေဝိုင်း အကများဖြင့်ဖျော်ဖြေတင်ဆက်ကြပြီး ကျေးရွာလူငယ်မောင်မယ်များက သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်တို့အား ရိုးရာလက်ဆေး မင်္ဂလာကျင်းပကြသည်။

နှစ်သစ်ကူးပွဲတော်သို့ တာချီလိတ်မြို့ မိုင်းကိုးကျေးရွာအုပ်စု မော်ဝန်းကျေးရွာ သူကြီး ဦးအာဗေလနှင့် နမ့်တွန်၊ မေတို၊ နမ့်မွမ်း၊ ပါဆန်းနှင့် အောက်ကဘာကျေးရွာမှ သူကြီးများ ရွာသူ ရွာသားများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက် ဆင်နွှဲခဲ့ကြသည်။

အလားတူ အောက်မိုင်းဟဲကျေးရွာအုပ်စု ကနရွာ၌ ဇန်နဝါရီ ၁၀ ရက်က လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပရာ လားဟူတိုင်းရင်းသားများနှင့်အတူ အာခါ၊ ရှမ်း၊ ပလောင်စသည့် တောင်ပေါ်ကျေးရွာ ၂၇ ရွာမှ ဒေသခံတိုင်းရင်းသားများ စုပေါင်းဆင်နွှဲကြသည်။

လားဟူ တိုင်းရင်းသားများသည် ရာသီနှစ်တစ်နှစ်တာအား တိရစ္ဆာန်အကောင် ၁၂ ကောင်တို့ဖြင့် သတ်မှတ်ထားရှိရာ ယခင်နှစ် ၂၀၂၄ ခုနှစ် ယုန်နှစ်မှ ယခုနှစ် ၂၀၂၅ ခုနှစ် ရှဉ့်နှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ရာ တစ်နှစ်တာ ရာသီကာလအတွင်း ကျင်းပကြသည့် ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံးနှင့် အကြီးအကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို နှစ်စဉ် နှစ်သစ်ကူးပွဲတော်များ မိမိတို့နေထိုင်ရာ တောင်ပေါ်၊ မြေပြန့်ဒေသအလိုက်ကျင်းပလေ့ရှိပြီး တစ်နှစ်တာ ကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဥယျာဉ်ခြံမြေထွက် ဆန်၊ စပါး၊ အသီးအနှံများနှင့် ပစ္စည်းဥစ္စာများကို ဦးဦးဖျားဖျား စုပေါင်းပါဝင်လှူဒါန်းမှုပြုလုပ်ကာ နှစ်သစ်ကူးသစ်ပင် (ထင်းရှူးပင်)စိုက်၍ ဝက်ခေါင်း၊ ခေါ်ပုတ်၊ ရိုးရာအထိမ်းအမှတ် ဘူးပုလွေဖြင့် တီးမှုတ်၍ ထင်ရှားသော မြေဝိုင်းအကဖြင့် ဖျော်ဖြေကပြပြီး လူငယ်များက နှစ်ဟောင်းမှ အပြစ်များ ဝန်ချတောင်းပန်ခြင်း၊ အပြစ်လွှတ်ခြင်း၊ ရိုသေလေးစား ဂါရဝပြုခြင်းဟူသော အဓိပ္ပာယ်ဖြင့် လေးစားဂါရဝပြုသောအားဖြင့် လူကြီးမိဘ၊ ဆရာသမားတို့အား ဦးထိပ်ထား ရိုးရာလက်ဆေး မင်္ဂလာခံယူသော ပွဲတော်ကြီး တစ်ခုဖြစ်သည်။

ရိုးရာနှစ်သစ်ကူးပွဲတော်ကို လားဟူတိုင်းရင်းသား၏ ရိုးရာဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုအမွေတို့ကို တန်ဖိုးထားမြတ်နိုးစွာ ထိန်းသိမ်းခြင်း၊ နောင်လာနောက်သားများအား လိုက်နာဆောင်ရွက်လာတတ်စေရန်နှင့် စည်းလုံးညီညွတ်ခြင်းကို ပြသလိုခြင်း စသည်တို့ကြောင့် နှစ်စဉ် ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီလဆန်းရောက်လျှင် နှစ်သစ်ကူးပွဲတော်ကို နေရာအနှံ့စုပေါင်းပြီး ကျေးရွာအလိုက် ဆင်ယင်ကျင်းပလာကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

# စစ်တွေမြို့ ရန်ပြေမာန်ပြေဘုရားကြီး ပူဇော်ပွဲနှင့် ဗုဒ္ဓဘိသေကအနေကဇာတင်ပူဇော်ပွဲကျင်းပ



**စစ်တွေ ဇန်နဝါရီ ၁၂**

စစ်တွေမြို့ ကမ္ဘာ့သာသနာပြု မဟာဓေယျသိဒ္ဓိ အဓိဋ္ဌာန် ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ရန်ပြေမာန်ပြေဘုရားကြီး ပူဇော်ကန်တော့ပွဲနှင့် ဗုဒ္ဓဘိသေကအနေကဇာတင်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ပြေမာန်ပြေဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်ကြီးနှင့် ပင့်ဖိတ်ထားသော သံဃာတော်အရှင်သူမြတ်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ရန်ပြေမာန်ပြေဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်သည်။ ထို့နောက် အခမ်းအနားကို ကြွရောက်တော်မူကြသော သံဃာတော် အရှင်သူမြတ်များနှင့် ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဒါယကာဒါယိကာမများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ရခိုင်မင်္ဂလာစည်တော်အဖွဲ့က ရတနာသုံးပါး ဂုဏ်တော်ကို ပူဇော်တီးခတ်ကြသည်။

ဆက်လက်၍ စစ်တွေမြို့ ကြွဖြူကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇေဝန္တ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဒါယကာဒါယိကာမများက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ရန်ပြေမာန်ပြေဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကမ္ဘာ့သာသနာပြု မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန် ဆရာတော်ကြီးအား ငွေပဒေသာပင်များ ကပ်လှူပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်တွေမြို့ ကြွဖြူကျောင်းတိုက် ပဓာနနာယကဆရာတော်မှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဒါယကာဒါယိကာမများက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရခိုင်မင်္ဂလာစည်တော်အဖွဲ့က စည်တော်တီးခတ်၍ပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းများဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားတွင် တီးခတ်ဖျော်ဖြေပေးကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန် ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ရန်ပြေမာန်ပြေဘုရားကြီး ပူဇော်ကန်တော့ပွဲနှင့် ဗုဒ္ဓဘိသေကအနေကဇာတင်ပူဇော်ပွဲတွင် ကြွရောက်တော်မူကြသော သံဃာတော် အရှင်သူမြတ်များအား သက်သတ်လွတ်ဆွမ်းနှင့် ဘုရားပွဲတော်သို့ လာရောက်ဖူးမြော်ပူဇော်ကြသည့် လူ ပရိသတ်များအား သက်သတ်လွတ်ရခိုင်မုန့်တီများကို စတုဒိသာကျွေးမွေး လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သက်ကြီးသတင်းစာပညာရှင်ကြီးများအား ဂါရဝပြုဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၂

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ သက်ကြီးသတင်းစာပညာရှင်ကြီးများအား ဂါရဝပြုဂုဏ်ပြုခြင်း အစီအစဉ်အဖြစ် သတင်းစာပညာရှင်ကြီး ၁၂ ဦးအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ဂါရဝပြုချီးမြှင့်ငွေ တစ်ဦးလျှင် ကျပ်ငါးသိန်းစီတို့ကို သတင်းမီဒီယာကောင်စီဝင်များက ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တွင် အိမ်တိုင်ရာရောက် ဂါရဝပြုပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။**



ဇန်နဝါရီ ၁၁ ရက်တွင် အသက် ၁၀၅ နှစ်ရှိ ခေတ်အဆက်ဆက် သတင်းစာဆရာကြီး ဦးဆိုက်ကျင်အား ၎င်း၏ နေအိမ်တွင် လှူဒါန်းခဲ့ပြီး ဆက်လက်၍ အသက် ၉၅ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဆရာကြီး ဦးမြတ်သူ၊ အသက် ၈၃ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဆရာ ဦးမျိုးမြင့်၊ အသက် ၉၀ ရှိ သတင်းစာ ပညာရှင်ကြီး ဟန်ဇေရီ ဦးကိုကိုကြီး၊ အသက် ၉၀ ရှိ သတင်းစာပညာရှင်ကြီး ဆရာ ဦးစဝ်ကိုင်ဖ၊ အသက် ၈၃ နှစ်ရှိ သတင်းစာ ပညာရှင်ကြီး ဦးလှထွန်း (လှထွန်း-တွံတေး)တို့အား ဂါရဝပြုလှူဒါန်းသည်။

ဇန်နဝါရီ ၁၂ ရက်တွင် အသက် ၈၃ နှစ်ရှိသတင်းစာပညာရှင်ကြီး ဦးလှမြင့်၊ အသက် ၈၈ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဦးဌေးကြည်၊ အသက် ၈၁ နှစ်ရှိ သတင်းစာ ပညာရှင်ကြီး ဦးသောင်းမြင့်၊ အသက် ၉၂ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဦးမြသိန်း၊ အသက် ၈၃ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဦးစိန်ရွှေလှိုင်နှင့် အသက် ၈၅ နှစ်ရှိ သတင်းစာ ပညာရှင်ကြီး ဦးသန်းအောင်(သန်းအောင်နိုင်) တို့အား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များက ဂါရဝပြု လှူဒါန်းကြသည်။ ယခုဂါရဝပြုချီးမြှင့်နိုင်ရေးအတွက် ကောင်စီဝင်အားလုံးက ငွေကျပ် ၂၅ သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနက ငွေကျပ် ၂၄ သိန်း၊ ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော်မိသားစုက ငွေကျပ် ၁၂ သိန်း၊ စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက ငွေကျပ် ၁၂ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ငပုတောမြို့နယ် ပြည်သူ့ဆေးရုံ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးအပ်နိုင်ရေး ကြည့်ရှုစစ်ဆေး

**ငပုတော ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟသည် ယနေ့နံနက်ပိုင်းက ငပုတောမြို့နယ်ရှိ ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးသည် ငပုတောမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံ တက်ရောက်ကုသနေသော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်ကာ ပြည်သူလူထု အားကိုးသည့် ဆေးရုံကြီးဖြစ်သည့် အားလျော်စွာ လူနာများ စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေးစီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆေးရုံ သန့်ရှင်းသာယာလှပရေး အထူးအလေးအထား ဆောင်ရွက်ရန် ပြောကြားပြီး ခွဲစိတ်ဆောင်၊ လူနာဆောင်၊ ဓာတ်မှန်ဆောင်၊ သားဖွားခန်း၊ ဆေးစတိုခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနမှူးသည် မြို့နယ် ပြည်သူ့ဆေးရုံးဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သန့်ဇော်မြင့်၊ လက်ထောက်မြို့နယ်ဆရာဝန်၊ မြို့နယ်ကုသရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆွေးနွေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၂

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ ကလေးသူငယ်များ၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက်က အင်းစိန်ခရိုင် လူထုအခြေပြု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က မေးမြန်းဆွေးနွေးကြပြီး မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ရှောင်လေဝေးဝေး မူးယစ်ဆေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

**ဉာဏ်လင်း**

## ဘားအံတက္ကသိုလ်၌ ယာဉ်စည်းကမ်းအသိပညာပေး ဟောပြော

**ဘားအံ ဇန်နဝါရီ ၁၂**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၉ ရက်က ဘားအံတက္ကသိုလ်၌ ကျင်းပရာ



ဒုတိယ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဒုတိယပါမောက္ခချုပ်နှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ပြည်နယ်ဦးစီးမှူး ဦးအောင်ဇေဝင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများနှင့် လက်ထောက်ပြည်နယ် ဥပဒေအရာရှိက ယာဉ်မတော်တဆဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ (၁၄) ကြိမ်မြောက် ကွန်ပျူတာဘွဲ့များအပ်နှင်း

ဘားအံ ဇန်နဝါရီ ၁၂

**ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ ယနေ့ နံနက် ၉ နာရီက (၁၄) ကြိမ်မြောက် ကွန်ပျူတာသိပ္ပံဘွဲ့နှင့် ကွန်ပျူတာနည်းပညာဘွဲ့များကို အပ်နှင်းပေးအပ်သည်။**

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များကို အမြဲမပြတ်လေ့လာဆည်းပူးရင်း ထူးချွန်ထက်မြက်သည့်နိုင်ငံသားကောင်း၊ သမီးကောင်းများ၊ IT ပညာရှင်များဖြစ်အောင်၊ နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အသိပညာ၊ အတတ်ပညာ ကျွမ်းကျင်ပညာရှင်များဖြစ်အောင်၊ ထူးချွန်သည့် ပညာတတ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး ဘွဲ့ယူမောင်မယ်များအတွက် ငွေကျပ် လေးသိန်းနှစ်သောင်းကို ဂုဏ်ပြုချီးမြှင့်သည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ် (ဘားအံ) ပါမောက္ခချုပ် ဒေါက်တာ ခင်မာလာထွန်း အမှူးပြုသော စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်ပုဂ္ဂိုလ်များက ဘွဲ့အပ်နှင်းမည့်စင်မြင့်ထက်တွင် နေရာယူကြပြီး လိုအပ်သည့် ကတိခံဝန်ချက်များ ရယူကာ ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပါမောက္ခချုပ်က ကွန်ပျူတာသိပ္ပံဘွဲ့ Bachelor of Computer Science (B.C.Sc.) ၁၆ ဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ Bachelor of Computer Technology (B.C.Tech.) ငါးဦးတို့အား ဘွဲ့လက်မှတ်များ အပ်နှင်းပေးအပ်ပြီး အဝေးရောက်ဘွဲ့ယူသူ ကွန်ပျူတာသိပ္ပံဘွဲ့ Bachelor of Computer Science (B.C.Sc.) လေးဦးတို့အား ဘွဲ့အပ်နှင်းပေးအပ်ဘွဲ့ရ မှတ်ပုံတင်စာအုပ်တွင် ဘွဲ့ရရှိသူစာရင်းကို အတည်ပြုလက်မှတ်ရေးထိုး၍ ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။



ယနေ့ ဘွဲ့နှင်းသဘင် အခမ်းအနားတွင် အဝေးရောက်ဘွဲ့ယူသူ လေးဦးအပါအဝင် စုစုပေါင်း ၂၅ ဦးအား သက်ဆိုင်ရာကွန်ပျူတာဘွဲ့ အသီးသီးကို အပ်နှင်းခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် MSME ပြခန်းများဖွင့်လှစ်

**လွိုင်ကော် ဇန်နဝါရီ ၁၂**

ဇန်နဝါရီ ၁၅ ရက်သည် ကယားပြည်နယ်၏ (၇၃) နှစ်မြောက်နေ့ဖြစ်သည့်အားလျော်စွာ အဆိုပါ ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ပန်းဖွားအကအဖွဲ့တို့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ကပြဖျော်ဖြေကြသည့် ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့၊ အခြေခံပညာကျောင်းများ ပန်းဖွားအကအဖွဲ့နှင့် ကယားတိုင်းရင်းသားမျိုးနွယ်စု ကိုးမျိုးအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ခင်းကျင်းပြသထားသည့် ဗဟိုပြခန်း၊ MSME ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တောနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြခန်းများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုပြခန်းများနှင့် ကယားရိုးရာ အစားအစာနှင့် ရိုးရာအဝတ်အထည်ပြခန်းများကို လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာ ပြခန်းတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကယားပြည်နယ်၏ MSME ထွက်ကုန်များဖြစ်သော ကယားဝက်အူချောင်း၊ မက်ခါသီးထောင်း၊ အစေ့ထုတ်ပြောင်းနှင့် ကယားရိုးရာအထည် ရက်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု သရုပ်ပြရှင်းလင်း တင်ဆက်မှုကို ကြည့်ရှုအားပေးပြီး အစားအသောက်၊ အဝတ်အထည်များ၏ ထုပ်ပိုးမှုပုံစံများနှင့် အရည်အသွေး ယခုထက်ပိုမိုကောင်းမွန်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်းရှင်များနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

(၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာနှင့် MSME ပြခန်း ၁၆ ခန်း၊ ကယားရိုးရာ အစားအစာနှင့် ရိုးရာအဝတ်အထည် အရောင်းဆိုင်တို့ကို ခင်းကျင်းပြသလျက်ရှိပြီး ပွဲတော်ကာလတစ်လျှောက် နေ့စဉ်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့် CNAS ၏ အမှုဆောင်အရာရှိချုပ်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ China National Accreditation Service for Conformity Assessment (CNAS) ရုံးချုပ်သို့ ရောက်ရှိရာ အမှုဆောင် အရာရှိချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

ထို့နောက် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို အဆိုပါရုံးချုပ်၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးနှင့် China National Accreditation Service for Conformity Assessment (CNAS) အမှုဆောင်အရာရှိချုပ် တို့သည် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းလုပ်ငန်းများဖြစ်သည့် စမ်းသပ်စစ်ဆေးခြင်း ဓာတ်ခွဲခန်းများတွင် ထုတ်ကုန်စစ်ဆေးခြင်းနှင့် တိုင်းတာချိန်ညှိခြင်း၊ စစ်ဆေးရေးအဖွဲ့အစည်းများအတွက် အသိအမှတ်ပြုမှုရရှိအောင် ဆောင်ရွက်ခြင်း၊ အရည်အသွေးထောက်ခံချက်ထုတ်ပေးသည့် အဖွဲ့အစည်းများအတွက် အသိအမှတ်ပြုမှုရရှိအောင် ဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးရေး ပံ့ပိုးပေးသူများအတွက် အသိအမှတ်ပြုမှုရရှိအောင် ဆောင်ရွက်ခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာအရည်အသွေး အသိအမှတ်ပြုမှုများ ရရှိအောင် ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တရုတ် - မြန်မာ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေး အစဉ်အလာကို ပိုမိုခိုင်မြဲစေလျက် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်ပြည့် ၂၀၂၅ခုနှစ်တွင် စိန်ရတုမှတ်တိုင်အဖြစ် ကျွမ်းကျင်ပညာရှင်များ ပျိုးထောင်ခြင်းနှင့် သုတေသနများ ပူးပေါင်းဖလှယ်ခြင်း စသည့် စီမံကိန်းသစ်များကို အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးညှိနှိုင်းကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီးနှင့် China National Accreditation Service for Conformity Assessment (CNAS) ၏ အမှုဆောင်အရာရှိချုပ်တို့သည် နှစ်ဖက်ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်များကို အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၂**

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီးဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သဃ်ာန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြိုင်ပွဲဝင်ဘင်ခရာအဖွဲ့များ၏ အလေးပြုခြင်းကိုခံယူပြီး အမှာစကားပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင် ဘင်ခရာအဖွဲ့များမှ ကျောင်းသား ကျောင်းသူများအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး (ဝဲပုံ) လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့က ပြိုင်ပွဲတွင် သတ်မှတ်ထားသည့် သရုပ်ဖော်ပြကွက်များဖြင့် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘင်ခရာပြိုင်ပွဲသို့ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ဝတ်စားဆင်ယင်မှု၊ တူရိယာပစ္စည်းများ သန့်ရှင်းသပ်ရပ်မှု၊ ကိုင်ဆောင်မှုမှန်ကန်ခြင်း၊ သရုပ်ဖော်ပြကွက်များ၊ ဆန်းသစ်တီထွင်မှု သရုပ်ဖော်ပြကွက်များ၊ ပြိုင်ပွဲဝင်ပြကွက်နှင့် သီချင်းကိုက်ညီမှု ရှိ မရှိ၊ သတ်မှတ်ချိန်နှင့် ကိုက်ညီမှု ရှိ မရှိများအပေါ် အကဲဖြတ်ဒိုင်များက အမှတ်ပေးဆုံးဖြတ်၍ ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ပထမဆုမှ ပဉ္စမဆုအထိ ဆုချီးမြှင့်၍ ကျန်အဖွဲ့များကို အထူးဆု၊ ကျိုင်းဆုများကို ပထမမှ ပဉ္စမဆုအထိ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အိန္ဒိယ – မြန်မာ စီးပွားရေးဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် အိန္ဒိယ–မြန်မာ ကုန်သည်ကြီးများအသင်း (IMCC) တို့ ပူးပေါင်းကျင်းပသည့် အိန္ဒိယ–မြန်မာ စီးပွားရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက်တွင် ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ယခုဆွေးနွေးပွဲသည် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရန်နှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုတိုးတက်လာစေရန်၊ ဈေးကွက်အသစ်နှင့် အခွင့်အလမ်းအသစ်များကို ဖော်ဆောင်ပေးနိုင်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံ ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ကဏ္ဍမျိုးစုံတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

နှစ်နိုင်ငံအကြား ကုန်သွယ်မှု လုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျပ်–ရူပီး တိုက်ရိုက်ငွေပေးချေမှုစနစ်ကို ဆောင်ရွက်နေပြီဖြစ်သကဲ့သို့ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများကို လုပ်ဆောင်ပေးလျက်ရှိရာ နှစ်နိုင်ငံလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းများနှင့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ (ယာပုံ)

ဆွေးနွေးပွဲသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ UMFCCI နှင့် IMCC တို့မှ တာဝန်ရှိသူများနှင့် အိန္ဒိယ စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဆွေးနွေးပွဲ၌ ကုန်သွယ်မှုတွင် လက်ရှိကြုံတွေ့နေရသည့် ကွန်တိန်နာ အခက်အခဲနှင့် သယ်ယူပို့ဆောင်မှု ကိစ္စ၊ ပို့ကုန်သွင်းကုန် လိုင်စင်ဆိုင်ရာကိစ္စရပ်များ၊ ဆေးဝါးနှင့် အလှကုန် တင်သွင်းမှုအတွက် FDA မှတ်ပုံတင်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များ၊ လယ်ယာထွက်ကုန်များ တင်ပို့ရာတွင် Phyto Certificate လျှောက်ထားမှုနှင့် လယ်ယာထွက်ကုန် အရည်အသွေးဆိုင်ရာ ကိစ္စရပ်များ၊ ကျပ်–ရူပီး အသုံးပြုမှုလုပ်ငန်းစဉ်နှင့် ပို့ကုန်ရငွေ (Export Earning) ကိုင်ဆောင် အသုံးပြုခွင့်ကာလ ကိစ္စရပ်များကို မေးမြန်းဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနကြီးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီထွန်းတို့က ရှင်းလင်းဆွေးနွေး ဖြေကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စလင်းမြို့နယ်၌ စားသုံးဆီဖူလုံရေး ဆီထွက်သီးနှံ ဆောင်းနှမ်းစိုက်ပျိုးမှု ၁၅၈၀၄ ဧက စိုက်ပျိုးပြီးစီး

**စလင်း ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ပြည်တွင်းစားသုံးဆီဖူလုံရေး ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာ၊နှမ်းတို့ကို ဒေသခံတောင်သူများက အလေးထား စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ယခုနှစ် ဆောင်းသီးနှံ နှမ်းကို စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရန် ၁၅၅၈၀ ဧကအား လျာထားခဲ့ရာ တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ၁၅၈၀၄ ဧက လျာထားဧကပြည့်မီစွာ စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

စလင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသအသီးသီးတွင် မိုးနှမ်း၊ ဆောင်းနှမ်း၊ နွေနှမ်းများအဖြစ် ရာသီဥတုကို လိုက်၍ စိုက်ပျိုးရရှိမည့် နေရာဒေသကို လိုက်၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ အင်ကြင်းပင်လှကျေးရွာအုပ်စု အင်ကြင်းပင်လှကျေးရွာ တောင်သူ ဦးကျော်နိုင် စိုက်ပျိုးသည့် ဆောင်းနှမ်းကို ကွင်းအမှတ် (၅၄၀) ကွင်း၌ ၁ ဧကခွဲ စိုက်ပျိုးပြီးစီးခဲ့ရာ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာ၌ အထွက်နှုန်းကောင်းမျိုးဖြစ်သည့် စမုံနက်၊ ဆင်းရတနာနှမ်းများကိုသာ စိုက်ပျိုးထား၍ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း စတင်စိုက်ပျိုးပြီးစီးခဲ့ကာ အထွက်နှုန်းကောင်းမွန်စေရေး လယ်ယာမြေများကို ထွန်ရေးညက်ညက်ထွန်၍ ပေါင်ကြီးတင်စိုက်ပျိုးစနစ်၊ အတန်းလိုက်စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ သွင်းအားစုများဖြင့် လျာထားဧက ၁၅၅၈၀ ဧကထက် ၁၅၈၀၄ ဧက စိုက်ပျိုးပြီးစီးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်လွင် (စလင်း)**

မြန်မာနိုင်ငံကင်ဆာရောဂါဆိုင်ရာ ဓာတ်ရောင်ခြည် ဆေးကုပညာရှင်များ၏ ဒုတိယအကြိမ်မြောက်ညီလာခံ ဂုဏ်ပြုဆောင်းပါး

# မြန်မာနိုင်ငံတွင် ကင်ဆာရောဂါဓာတ်ရောင်ခြည်ကုသရေးကဏ္ဍ တိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ

## ဒေါက်တာကောင်းမြတ်ရွှေ (ဓာတ်ရောင်ခြည်)

ကမ္ဘာလုံးဆိုင်ရာ ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းနှင့် ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်း တိုးတက်များပြားလာမှုသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကျန်းမာရေးစနစ်များအတွက် အရေးကြီးသော စိန်ခေါ်မှုတစ်ခုဖြစ်ပြီး အရည်အသွေးမြင့် ကင်ဆာကုသမှုများ ရရှိရန်မှာ ကင်ဆာလူနာများအတွက် မရှိမဖြစ်လိုအပ်လာပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ကင်ဆာလူနာအသစ် စုစုပေါင်း သန်း ၂၀ ခန့်ရှိပြီး ကင်ဆာရောဂါကြောင့်သေဆုံးမှုမှာ ၉ ဒသမ ၆ သန်း အထိရှိနိုင်ကာ မြန်မာနိုင်ငံတွင်လည်း ၂၀၂၂ ခုနှစ်အတွင်း ကင်ဆာလူနာအသစ် ၇၇၆၀၃ ဦးခန့်ရှိနိုင်ပြီး ကင်ဆာကြောင့် သေဆုံးသူ ၅၄၆၃၁ ဦးခန့် ရှိနိုင်သည်ဟု ခန့်မှန်းထားပါသည်။

နေပြည်တော် လူဦးရေအခြေပြု ကင်ဆာစာရင်းအင်း(၂၀၁၃-၂၀၁၇)များအရ အမျိုးသားများတွင် အဖြစ်များသော ကင်ဆာများမှာ (၁) အဆုတ်ကင်ဆာ၊ (၂) အသည်းကင်ဆာ၊ (၃)ခံတွင်းနှင့် လည်ချောင်းကင်ဆာများ၊ (၄)အစာအိမ်ကင်ဆာ၊ (၅) အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာတို့ဖြစ်ပြီး အမျိုးသမီးများတွင်အဖြစ်များသော ကင်ဆာများမှာ (၁)ရင်သားကင်ဆာ၊ (၂)သားအိမ်ခေါင်းကင်ဆာ၊ (၃)အဆုတ်ကင်ဆာ၊ (၄)အစာအိမ်ကင်ဆာ၊ (၅)အူမကြီးနှင့်အစာဟောင်းအိမ်ကင်ဆာတို့ဖြစ်သည်။ သေဆုံးမှုအများဆုံးကင်ဆာများမှာ (၁) အသည်းကင်ဆာ၊ (၂) အဆုတ်ကင်ဆာ၊ (၃) ခံတွင်းနှင့်လည်ချောင်းကင်ဆာများ၊ (၄)အစာအိမ်ကင်ဆာ၊ (၅) အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာတို့ဖြစ်သည်။

ဓာတ်ရောင်ခြည်ကုသမှုသည် ကင်ဆာရောဂါများအတွက် အရေးပါသောကုသမှုတစ်ခု ဖြစ်ပါသည်။ ကင်ဆာရောဂါကို ပျောက်ကင်းစေခြင်း၊ ရောဂါကိုထိန်းချုပ်နိုင်ခြင်း၊ ကင်ဆာကြောင့်ဖြစ်သော ဝေဒနာများကို သက်သာစေခြင်းစသည်တို့ဖြင့် ကင်ဆာပျောက်ကင်းမှုနှုန်း မြင့်မားစေရေးနှင့် ကင်ဆာလူနာများ၏ လူ့ဘဝအရည်အသွေး မြင့်မားစေရေးတွင် ဓာတ်ရောင်ခြည်ကုသမှုသည် အရေးပါသောကုသမှုတစ်ခုဖြစ်ပါသည်။ ကင်ဆာအမျိုးအစားနှင့် ရောဂါဖြစ်ပွားမှု အဆင့်အလိုက်ပေါ်မူတည်ပြီး ဓာတ်ရောင်ခြည်ကုသမှုကို သီးသန့်အသုံးပြုနိုင်သကဲ့သို့ ခွဲစိတ်ကုသမှုနှင့် ကင်ဆာဆေးသွင်းကုသမှုများနှင့်လည်း တွဲဖက်အသုံးပြုပါသည်။ သုတေသနလေ့လာ တွေ့ရှိချက်များအရ ကင်ဆာလူနာစုစုပေါင်း၏ အနည်းဆုံး ၅၀-၆၀ ရာခိုင်နှုန်းမှာ ဓာတ်ရောင်ခြည်ဖြင့်ကုသရန် လိုအပ်ပါသည်။ ၎င်းလူနာများထဲတွင် အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှာ နောက်တစ်ကြိမ် ဓာတ်ရောင်ခြည်ကုသမှု (Re-irradiation) ထပ်မံလိုအပ်နိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် မူဝါဒများ၊ ဦးတည်ချက်များကို ချမှတ်ကာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကုသရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ လူနာများ ငွေကြေးကုန်ကျမှုလျော့နည်းစေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကင်ဆာလူနာများအတွက် ဓာတ်ရောင်ခြည်ကုသမှုနှင့် ရောဂါရှာဖွေရေးဆိုင်ရာ စက်ပစ္စည်းများကိုလည်း နှစ်စဉ်ဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့ပြင် ဓာတ်ရောင်ခြည်ကုသမှုနည်းပညာဆိုင်ရာများနှင့် ဓာတ်ရောင်ခြည်ဝန်ထမ်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ အစိုးရ-ပုဂ္ဂလိကဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာလုပ်ငန်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization - WHO)၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency-IAEA) အစရှိသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး အစရှိသည်တို့ဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ဓာတ်ရောင်ခြည်ကုသမှု တိုးတက်အောင်မြင်မှုများ ရရှိစေနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၂၀၀၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ဓာတ်ရောင်ခြည်ကုသမှုစင်တာ လေးခုနှင့် ဓာတ်ရောင်ခြည်စက်ခြောက်လုံးသာရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဓာတ်ရောင်ခြည်ကုသမှုစင်တာ ခြောက်ခုနှင့် ဓာတ်ရောင်ခြည်စက် ၁၀ လုံး တိုးတက်လာခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် ဓာတ်ရောင်ခြည်ကုသမှုစင်တာ ၁၄ ခုနှင့် ဓာတ်ရောင်ခြည်စက် ၂၅ လုံးအထိ တိုးတက်လာခဲ့ပါသည်။ ဓာတ်ရောင်ခြည်ကုသမှုစင်တာ ၁၄ ခုမှာ ကျန်းမာရေးဝန်ကြီးဌာနတွင် စင်တာငါးခု (၃၅ ဒသမ ၇ ရာခိုင်နှုန်း)၊ ပုဂ္ဂလိကကဏ္ဍတွင် စင်တာငါးခု (၃၅ ဒသမ ၇ ရာခိုင်နှုန်း)နှင့် ကာကွယ်ရေးဝန်ကြီးဌာနတွင် စင်တာလေးခု (၂၈ ဒသမ ၆ ရာခိုင်နှုန်း)တို့ ဖြစ်ပါသည်။ ကင်ဆာဓာတ်ရောင်ခြည်ကုသမှုများ အနေဖြင့်လည်း အထက်ပါဓာတ်ရောင်ခြည်ဌာနများ၌ ၂၀၂၃ ခုနှစ်တွင် စုစုပေါင်းလူနာ ၁၀၆၆၄ ဦးအတွက် ပျမ်းမျှ ဓာတ်ရောင်ခြည်အကြိမ်ပေါင်း ၂၆၆၆၀၀ နှင့် ၂၀၂၄ ခုနှစ်တွင် စုစုပေါင်းလူနာ ၁၁၁၅၈ ဦးအတွက် ပျမ်းမျှဓာတ်ရောင်ခြည်အကြိမ်ပေါင်း ၂၇၈၉၅၀ ကုသမှုများ ပေးနိုင်ခဲ့ပါသည်။

ဓာတ်ရောင်ခြည်ကုသမှု နည်းပညာအနေဖြင့် သုံးဖက်မြင်ချိန်ညှိ (3DCRT -Three Dimensional Conformal Radiotherapy Technique) နှင့် ရောင်ခြည်စွမ်းအား လိုသလိုတိုးလျှော့နည်းပညာ (IMRT-Intensity-Modulated Radiation Therapy) နည်းပညာများကို ဓာတ်ရောင်ခြည်စင်တာအများစုတွင် အသုံးပြုနေပြီး လာမည့်နှစ်များတွင် ပုံရိပ်လမ်းညွှန် ဓာတ်ရောင်ခြည်နည်းပညာ IGRT (Image Guided radiotherapy) နှင့် Stereotactic body radiotherapy (SBRT) စသည့် နည်းလမ်းများကို ပိုမိုတိုးချဲ့သွားရန် ရည်မှန်းထားသည်။

အချိန်တိုအတွင်း ကုသမှုပြီးစီးနိုင်သော စွမ်းအားမြင့်ရက်တို (Hypofractionated Radiotherapy - HFRT) နည်းပညာကိုလည်း သင့်လျော်သော ကင်ဆာရောဂါအချို့တွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence) ကိုလည်း လက်ရှိတပ်ဆင်လျက်ရှိသော ဓာတ်ရောင်ခြည်စက်များတွင် ပေါင်းစပ်အသုံးပြုပြီး ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ကုသမှုများ ပိုမိုအစွမ်းထက်စေရန် ကြိုးပမ်းလျက်ရှိပါသည်။


ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသော အမျိုးသားကင်ဆာကုသရေးဌာန (National Cancer Institute) ကို ၂၀၂၅ ခုနှစ်အတွင်း စတင်ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အမျိုးသားကင်ဆာကုသရေးဌာန၌ လက်ရှိကာလတွင် ဓာတ်ရောင်ခြည်စက်သုံးလုံး တပ်ဆင်လျက်ရှိပြီး စက်များအားလုံးပြီးစီးပါက နေ့စဉ်ကင်ဆာလူနာ ၃၀၀ ခန့်ကို ကုသမှုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ်အတွင်း နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတို့တွင် ဓာတ်ရောင်ခြည်စက် တစ်လုံးစီ ထပ်မံတပ်ဆင်သွားမည်ဖြစ်ပါသည်။ ရောဂါရှာဖွေရေးနှင့် ရောဂါပျံ့နှံ့မှုစိစစ်ရေးအတွက် နေပြည်တော်တွင် PET/CT စက်နှင့် Cyclotron စက် တပ်ဆင်မည်ဖြစ်ပြီး ကင်ဆာရောဂါရှာဖွေရေးနှင့် ကင်ဆာပျံ့နှံ့မှုစိစစ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

နည်းပညာကိုအခြေခံသော ဓာတ်ရောင်ခြည်ကုသမှုများသည် နေ့စဉ်နှင့်အမျှ ကမ္ဘာကြီးတွင် တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ ဓာတ်ရောင်ခြည်ကုသစက်များ၊ ကုသမှုနည်းပညာများ၊ ကုသမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ၊ ကင်ဆာရောဂါတစ်ခုချင်းစီအလိုက် နိုင်ငံတကာဓာတ်ရောင်ခြည်ကုသမှုစံနှုန်းများ လက်စွဲများတွင်လည်း တိုးတက်ပြောင်းလဲလျက်ရှိသဖြင့် *စာမျက်နှာ ၁၁ သို့*

**နည်းပညာကိုအခြေခံသော ဓာတ်ရောင်ခြည်ကုသမှုများသည် နေ့စဉ်နှင့်အမျှ ကမ္ဘာကြီးတွင် တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ ဓာတ်ရောင်ခြည်ကုသစက်များ၊ ကုသမှုနည်းပညာများ၊ ကုသမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ၊ ကင်ဆာရောဂါတစ်ခုချင်းစီအလိုက် နိုင်ငံတကာ ဓာတ်ရောင်ခြည်ကုသမှုစံနှုန်းများ လက်စွဲများတွင်လည်း တိုးတက်ပြောင်းလဲလျက်ရှိသဖြင့် ဓာတ်ရောင်ခြည်ဝန်ထမ်းများ၏ စဉ်ဆက်မပြတ် ပညာသင်ကြားရေးအစီအစဉ်များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**

ပုံ(၁) ဓာတ်ရောင်ခြည်ကုသရေးကဏ္ဍ တိုးတက်ပြောင်းလဲလာမှုများ




ဇယား(၁) မြန်မာနိုင်ငံ၏ ဓာတ်ရောင်ခြည်ကုသရေးကဏ္ဍ (၂၀၂၅)

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | ဓာတ်ရောင်ခြည်ကုသမှုစင်တာ( Radiotherapy Center) | ၁၄ |
| ၂ | ဓာတ်ရောင်ခြည်ကုသစက်(Linear Accelerator) | ၂၂ |
| ၃ | ဓာတ်ရောင်ခြည်ကုသစက်( Cobalt-60) | ၃ |
| ၄ | ဓာတ်အပ်စိုက်ကရိယာ( Brachytherapy ) | ၉ |
| ၅ | ဓာတ်ရောင်ခြည်ချိန်စီတီ(CT simulator) | ၁၄ |
| ၆ | ဓာတ်ရောင်ခြည်ဆရာဝန်(Radiation Oncologist) | ၅၅ |
| ၇ | ဓာတ်ရောင်ခြည်ဆိုင်ရာရူပဗေဒပညာရှင်(Medical Physicists) | ၂၆ |
| ၈ | ဓာတ်ရောင်ခြည်ကျွမ်းကျင်( Radiotherapy Technicians) | ၈၉ |

# တာဝန်သိစွာ သတင်းပေးတိုင်ကြားခြင်းဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့

အလင်းရောင်(ထွန်း)

**“မိမိတို့နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် ကုန်ပစ္စည်းများကြောင့် ပြည်တွင်း၌ရှိသော ကုန်ထုတ်လုပ်ငန်းများကို နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေပြီး လုပ်ငန်းများ ရပ်ဆိုင်းရပါက အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးစေသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်သည့် မူဝါဒများ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်”**

တရားမဝင်ကုန်သွယ်မှု လုပ်ငန်းကိစ္စရပ်များကို ကိုယ်ကျိုးရှာ ဝိသမလောဘသား စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဝင်ငွေရလမ်းလွယ်ကူသော စီးပွားရေးလုပ်ငန်းအဖြစ် ဦးတည်လုပ်ကိုင်ဆောင်ရွက်လာနေကြသောကြောင့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် နိုင်ငံတော်မှ လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များအား အများပြည်သူနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု ပြုလုပ်သော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ သိရှိနားလည်သဘောပေါက်စေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်းနှင့် တရားမဝင်ကုန်သွယ်မှု ဆောင်ရွက်ခြင်းများကို ဖော်ထုတ်စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူခြင်းဖြင့် တရားမဝင်ကုန်သွယ်မှုများ ကျူးလွန်သည့် ကုန်သည်၊ စီးပွားရေး လုပ်ငန်းရှင်များအား တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

တရားဥပဒေစိုးမိုးပြီး တရားမဝင်ကုန်သွယ်မှုများ၊ အခွန်တိမ်းရှောင်မှုများ လျော့နည်းသွားစေရေးအတွက် သက်ဆိုင်ရာ မိတ်ဖက်ဌာနများ၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များနှင့်ပူးပေါင်း၍ သတင်းရယူခြင်း၊ ဖမ်းဆီးအရေးယူခြင်း ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများတွင် တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်ကုန်သွယ်ရောင်းချမှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖိုးမဖြတ်နိုင်သော ရှားပါးတိရစ္ဆာန်များ၊ သစ်ပင်ပန်းမန်များ၊ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ၊ တရားဝင်မှတ်ပုံတင်မထားသည့် ဆေးဝါးများ၊ လူသုံးကုန်၊ စားသောက်ကုန်များ တရားမဝင်ကုန်သွယ်မှု ပြုနေကြသည့်အတွက် နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်ရေးကိုသာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ပြည်သူလူထု၊ လူမှုဘဝသာယာဝပြောရေးကို များစွာခြိမ်းခြောက်နေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။

### ပြည်ပမှအရည်အသွေးပြည့်မီသော ကုန်စည်များတင်သွင်းနိုင်ရေး

မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ အရည်အသွေးပြည့်ဝသည့်ကုန်စည်များ တင်သွင်းနိုင်ရေးအတွက် လိုအပ်သည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများအလိုက် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာကော်မတီများက အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ အတည်ပြုချက်ဖြင့် မြန်မာ့စံချိန်စံညွှန်း သတ်မှတ်ချက်များကို သတ်မှတ်ထုတ်ပြန်ထားပြီး တရားဝင်ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စားသုံးကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများကို ဝယ်ယူအသုံးပြုနိုင်ရေးအတွက် တင်သွင်းလာသည့် ပစ္စည်းများအပေါ် ထိန်းကျောင်းဆောင်ရွက်နိုင်ရန် မဖြစ်မနေလိုက်နာရမည့် အချက်များအား ထုတ်ပြန်နိုင်ရေး လိုအပ်သည့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပမှ ကုန်စည်များ တင်သွင်းရာတွင် အရည်အသွေးပြည့်မီသော ကုန်စည်များ တင်သွင်းနိုင်ရေးအတွက် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဝန်ကြီးဌာနအသီးသီးမှ သက်ဆိုင်ရာဌာနများနှင့် ဆောင်ရွက်ရန်ရှိသော ညှိနှိုင်းအစည်းအဝေးများပြုလုပ်ပြီး ပြည်ပမှ တင်သွင်းမည့်ကုန်စည်များအတွက် စံချိန်စံညွှန်းသတ်မှတ်ချက်များကို သက်ဆိုင်ရာ ဌာနများအလိုက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် ကုန်ပစ္စည်းများကြောင့် ပြည်တွင်း၌ရှိသော ကုန်ထုတ်လုပ်ငန်းများကို နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေပြီး လုပ်ငန်းများရပ်ဆိုင်းရပါက အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးစေသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်သည့် မူဝါဒများ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

### တာဝန်သိစွာဖြင့် ပူးပေါင်းပါဝင်

တရားမဝင်ကုန်သွယ်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ၊ ဘေးအန္တရာယ်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေး အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ခြင်း လုပ်ငန်းစဉ်များသည် မိမိတို့နိုင်ငံတစ်ခုတည်း အကျိုးကျေးဇူးရှိရုံသာမက အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအတွက်ပါ အကျိုးရှိသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် ကုန်စည်များ တရားမဝင်တင်ပို့ခြင်း၊ တင်သွင်းခြင်းလုပ်ငန်းစဉ်များ၊ မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းချမှုများကို တာဝန်ရှိအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များက ထိထိရောက်ရောက် လက်တွဲညီညီ အတူတကွ ပူးပေါင်းကာကွယ်ဆောင်ရွက်လျက်ရှိပါသဖြင့် တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှု သတင်းများနှင့် ပတ်သက်၍ သတင်းပေးတိုင်ကြားလိုပါက ဖုန်း ၀၉-၄၀၄၃၃၉၉၆၉၊ ၀၆၇-၄၀၉၈၈၃ နှင့် E-Mail antiillegaltradeinfo@gmail.com တို့သို့ သတင်းအချက်အလက် မှန်ကန်ခိုင်မာစွာနှင့် အချိန်မီပေးပို့ကြခြင်းဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် တာဝန်သိစွာဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

**■ မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ အရည်အသွေးပြည့်ဝသည့် ကုန်စည်များ တင်သွင်းနိုင်ရေးအတွက် လိုအပ်သည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများအလိုက် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာကော်မတီများက အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ အတည်ပြုချက်ဖြင့် မြန်မာ့စံချိန်စံညွှန်း သတ်မှတ်ချက်များကို သတ်မှတ်ထုတ်ပြန်ထားပြီး တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူစားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စားသုံးကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများကို ဝယ်ယူအသုံးပြုနိုင်ရေးအတွက် တင်သွင်းလာသည့် ပစ္စည်းများအပေါ် ထိန်းကျောင်းဆောင်ရွက်နိုင်ရန် မဖြစ်မနေ လိုက်နာရမည့်အချက်များအား ထုတ်ပြန်နိုင်ရေး လိုအပ်သည့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိ**

---

*စာမျက်နှာ ၁၀ မှ*

ခတ်ရောင်ခြည်ဝန်ထမ်းများ၏ စဉ်ဆက်မပြတ် ပညာသင်ကြားရေးအစီအစဉ်များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်ပသို့ လေ့လာရေးစေလွှတ်ခြင်း၊ ပြည်ပပညာရှင်များဖိတ်ကြား၍ နည်းပညာဖလှယ်ခြင်း၊ ပြည်တွင်း၌ ကင်ဆာရောဂါကုသမှုဆိုင်ရာ ဆေးပညာရှင်များနှင့် အထောက်အကူပြုဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ခြင်း စသည်တို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ကင်ဆာရောဂါလူနာများ တစ်နိုင်ငံလုံးတွင် တစ်ပြေးညီမှတ်ပုံတင်နိုင်ရေးနှင့် မလိုအပ်ဘဲ မှတ်ပုံတင် ထပ်နေခြင်းများ မဖြစ်ပေါ်စေရေးအတွက် နိုင်ငံတကာသုံး ကင်ဆာမှတ်ပုံတင်စနစ် (Cancer Registry)ကို တစ်နိုင်ငံလုံးရှိ ဓာတ်ရောင်ခြည်ဌာနများတွင် တစ်ပြေးညီအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကင်ဆာဆေးမှတ်တမ်းထိန်းသိမ်းရေးစနစ်များကိုလည်း ကွန်ပျူတာအခြေပြု ဒစ်ဂျစ်တယ်နည်းပညာစနစ်ကို အသုံးပြုရန် ကြိုးပမ်းလျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပြည်သူ့ဆေးရုံကြီးများတွင် ကင်ဆာဆေးပညာဆိုင်ရာ အထူးကုဆရာဝန်များ ခန့်ထား၍ တာဝန်ထမ်းဆောင်လျက်ရှိပြီး အဆိုပါဆေးရုံများတွင် ကင်ဆာရောဂါလူနာများအတွက် ဆေးသွင်းကုသမှုများသာမက ကင်ဆာခွဲစိတ်ကုသမှုများကို ကင်ဆာခွဲစိတ်ဆရာဝန်များမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကင်ဆာရောဂါနာကျင်မှုနှင့် ဝေဒနာသက်သာပြုစုကုသမှု (Cancer Pain and Palliative care) များကို ၂၀၁၆ ခုနှစ်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာဌာနဖွင့်လှစ်ထားရှိပြီး ကင်ဆာရောဂါနာကျင်မှုအမျိုးမျိုးကို ကုသပေးခြင်း၊ နာကျင်မှုအပြင် ခံစားရခက်သည့် အခြားဝေဒနာအမျိုးမျိုးကို လျော့ပါးနိုင်အောင်ကုသပေးပြီး လူနာများ သက်သောင့်သက်သာဖြစ်စေရန်၊ စိတ်လူမှုရေးပြဿနာများ လျော့နည်းစေရန် ဦးတည်ကုသပြုစုစောင့်ရှောက်မှုပေးလျက်ရှိပါသည်။

ရှင်သန်နေထိုင်ချိန် ဘဝအရည်အသွေး ( Quality of life) မြင့်မားစေနိုင်ရေးအတွက် ဘဝနေဝင်ချိန်များကို ရင်ဆိုင်နေရသည့် လူနာများအတွက်ကိုလည်း ဆွေးနွေးနှစ်သိမ့်အကြံပေးခြင်း (Counseling)၊ ဆေးဝါးကုသမှုပေးခြင်း၊ စိတ်လူမှုရေးဆိုင်ရာစောင့်ရှောက်ပေးခြင်း (Psychosocial care) များပြုလုပ်ပေးခြင်းဖြင့် နောက်ဆုံးနေဝင်ချိန်ကို ဝေဒနာနည်းစွာ( Comfort care)၊ ဂုဏ်သိက္ခာရှိစွာ ( Dignity Conserving care)ဖြင့် ဖြတ်သန်းနိုင်အောင် ကုသပြုစုစောင့်ရှောက်ပေးလျက်ရှိပါသည်။

ကင်ဆာလူနာများအတွက် ရနိုင်သမျှ အကောင်းဆုံးကုသမှုများပေးနိုင်ရန်မှာ နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ဝတ္တရားများဖြစ်ပါသည်။ စိန်ခေါ်မှုအခက်အခဲများရှိသော်လည်း မြန်မာနိုင်ငံတွင် ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ကုသရေးကဏ္ဍ တိုးတက်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေသော ကြိုးပမ်းမှုများသည် နိုင်ငံ၏ကင်ဆာကုသရေး အနာဂတ်နှင့် ကင်ဆာလူနာများအတွက် ဘဝမျှော်လင့်ချက်များရရှိစေသည့် လက္ခဏာကောင်းများဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# MNL ပြိုင်ပွဲတွင် ဟံသာဝတီနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အမှတ်ပြည့်ရရှိ



**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) တတိယနေ့ကို ဇန်နဝါရီ ၁၂ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်း အမှတ်ပြည့်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းသည် ရန်ကုန်ယူနိုက်တက်အသင်း၏ ခြေစျော်မှုကို အပြည့်အဝအသုံးချကာ ဒုတိယနေရာတက်လှမ်းလာနိုင်ခဲ့သည်။ ရတနာပုံအသင်းသည် တစ်ဂိုးအသာဖြင့် ဦးဆောင်ပြီးမှ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားသော်လည်း အဆုံးသတ်အားနည်းသဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ၅၉ မိနစ်တွင် ရတနာပုံအသင်း ဂိုးစတင်ရရှိခဲ့ပြီး တိုက်စစ်မှူး ပြည်မိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသဖြင့် ဟံသာဝတီအသင်းသည် ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၇ မိနစ်တွင် အောင်မြတ်သူက ဂိုးပြန်သွင်းခဲ့ပြီး အနိုင်ဂိုးကို ၉၀+၁ မိနစ်တွင် ဝင်းမိုးကျော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီအသင်းတိုက်စစ်မှူး အောင်မြတ်သူက ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၃၆ မှတ်၊ ရတနာပုံအသင်းက ၁၅ ပွဲကစား ၁၉ မှတ် ရရှိထားသည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် လာမည့်တစ်ပတ်တွင် ရန်ကုန်ယူနိုက်တက်အသင်း၊ ကြားရက်တွင် အာဆီယံကလပ်ပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ ပြုလုပ်ခဲ့သော်လည်း အိမ်ကွင်း၌ အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၂ မိနစ်တွင် ကျော်ကိုကို၊ ၅၂ မိနစ်တွင် ဘာကာယိုကို၊ မိနစ် ၇၀ တွင် ရင်တာရိတို့က သွင်းယူပြီး သစ္စာအားမာန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၅ မိနစ်တွင် ပြည့်စုံအောင်က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်နောက်ခံလူ သက်ဟိန်းစိုးက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၄၃ မှတ်ဖြင့် ဦးဆောင်နေပြီး သစ္စာအားမာန်အသင်းက ၁၅ ပွဲကစား ၁၁ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၅) နောက်ဆုံးနေ့အဖြစ် ဇန်နဝါရီ ၁၃ ရက် **(ယနေ့)**တွင် သုဝဏ္ဏကွင်း၌ ရှောဝတီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

## ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း / တံတားဖောက်လုပ်နေမှု စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်သူများ၏ လယ်ယာမြေကေများမှ ထွက်ရှိသော စိုက်ပျိုးသီးနှံထွက်ကုန်၊ ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း/ တံတားများ ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက အောင်သုခကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် အောင်သုခကျေးရွာတွင် အရှည်ပေ ၂၁၃၀၊ အကျယ် ၁၂ ပေ၊ ဒုမြေသား တစ်ပေ၊ သဲမြုန်း ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ၎င်းလမ်းပေါ်ရှိ Pipe Culvert တံတားလေးစင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် စစ်မင်း ရောကုမ္ပဏီမှ ခရိုင်/ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ စတုတ္ထအပတ်မှ စတင်တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**





## ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)၌ ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၂**

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) ၏ တက္ကသိုလ်တွင်းအားကစားပြိုင်ပွဲများ ကျင်းပခြင်းကို ယမန်နေ့နံနက်ပိုင်းကစတင်ကာ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလင်းထက်မြင့် ဦးဆောင်၍ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ တက္ကသိုလ်တွင်း အားကစားပြိုင်ပွဲများအနေဖြင့် အပြေးပြိုင်ပွဲ၊ လက်ဆင့်ကမ်းပြေး၊ ထုပ်ဆီးတိုး၊ လွန်ဆွဲပွဲ၊ ဆန်ကောရွက်၊ အပ်ထိုးပြိုင်ပွဲ၊ ထိုင်ခုံလုပွဲနှင့် ဘောလုံးပြိုင်ပွဲ အစရှိသည့် အားကစားပြိုင်ပွဲများ ကျင်းပသည်။

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး)၏ အားကစားပြိုင်ပွဲများကို မြန်မာ့ရိုးရာအားကစားနည်းများပါ ထည့်သွင်းကျင်းပပြီး ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

VUC အသင်းမှာမူ ရှုံးပွဲဆက်ခဲ့ပြီး ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် YRG အသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ အမာခံကစားသမားများ ထွက်ခွာသွားပြီး လူငယ်များဖြင့် သွေးသစ်လောင်း ထားသည့် လက်ရှိချန်ပီယံ VUC အသင်းသည် ငါးပွဲကစားရာတွင် လေးမှတ်သာ ရသေးပြီး ထိပ်ဆုံးမှ MIU အသင်းနှင့် ၁၁ မှတ်အထိ ကွာဟသွားပြီဖြစ်သည်။ ပွဲစဉ် (၅) တွင် MIU အသင်းက Generations အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ M2K အသင်းက လက်ရှိချန်ပီယံ VUC အသင်းကို သုံးဂိုး-တစ်ဂိုး၊ MH Dream Team အသင်းက YCDC Marga အသင်းကို ငါးဂိုး-နှစ်ဂိုး၊ YRG အသင်းက ဖူဆယ်ချစ်သူအသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Winner Soccer အသင်းက SGF အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၅) အပြီးတွင် MIU အသင်းက ၁၅ မှတ်ဖြင့် ဦးဆောင်နေပြီး MH Dream Team အသင်းက ၁၁ မှတ်၊ Generations အသင်းနှင့် M2K အသင်းက ရှစ်မှတ်စီ၊ YRG အသင်းက ခြောက်မှတ်၊ Winner Soccer အသင်းက ငါးမှတ်၊ VUC အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် YCDC Marga အသင်းတို့က လေးမှတ်စီ၊ SGF အသင်းက သုံးမှတ်ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❐ *ကျောဖုံးမှ*

ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံး ဟန့်တားကာကွယ်ထားနိုင်သည့်အတွက် မိနစ် ၆၀ ကျော်သည်အထိ သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

သွင်းဂိုးရရှိရေး တရစပ်ဖိအားပေးတိုက်စစ်ဆင်လာသော ဘိုင်ယန်မြူးနစ်အသင်းသည် ပွဲကစားချိန် ၆၈ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သည်။ အဆိုပါ ပယ်နယ်တီကို အသင်းအဓိက တိုက်စစ်ကစားသမား ဟာရီကိန်းက အမှားအယွင်းမရှိ အဆုံးသတ်သွင်းယူနိုင်ခဲ့သည်။ ဟာရီကိန်းသည် အဆိုပါသွင်းဂိုးကြောင့် ဘွန်ဒက်စ်လီဂါ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် သွင်းဂိုး ၁၅ ဂိုးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့သည်။

မိုချန်ဂလာဘတ်ချ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါရှုံးပွဲခြောက်ပွဲရှိလာပြီဖြစ်သည်။ ပြိုင်ဘက်ဘိုင်ယန်မြူးနစ်အသင်းက ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါနိုင်ပွဲ ၁၂ ပွဲရှိလာပြီး ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် လက်ရှိချန်ပီယံ လေဗာကူဆင်အသင်းကို လေးမှတ်ပြတ် ဦးဆောင်ထားနိုင်ပြီ ဖြစ်သည်။ အဆိုပါ ပွဲစဉ်ကို မိုချန်ဂလာဘတ်ချ်အသင်း အိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၅၄၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ **အောင်ဇော်**

❖ *ကျောဖုံးမှ*

အာသာဝတီအသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၂) အပြီးတွင် Mar Rein အသင်းနှင့် ရှိုင်းရယ်ရန်ကုန်အသင်းသာ နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ ပွဲစဉ် (၂) အပြီးတွင် Mar Rein အသင်းနှင့် ရှိုင်းရယ်ရန်ကုန်အသင်းက ခြောက်မှတ်စီ၊ Burmese Youth အသင်းက လေးမှတ်၊ Golden Light United အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်း၊ Yangon Focus အသင်း၊ Southern Yangon Star အသင်း၊ The Honour အသင်းနှင့် အာသာဝတီအသင်းတို့က သုံးမှတ်စီ၊ မင်္ဂလာဒုံစီးတီးအသင်းက တစ်မှတ်ရရှိထားပြီး ရန်ကုန်တောင်ဇလပ်အသင်းနှင့် မြသီတာအသင်းတို့မှာ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

ပွဲစဉ် (၃) ကို ဇန်နဝါရီ ၂၅၊ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

## နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ကမ္ဘာ့ဟင်ဒီနေ့ အခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၂**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဟင်ဒီနေ့ အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံး Swami Vivekananda ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ၊ ဟင်ဒီဘာသာစကားကို စိတ်ဝင်စားကြသော ဝါသနာရှင်များ၊ စာရေးဆရာများ၊ UP Bihar Parishad၊ Ramayana Prachar Prasar Samiti, Yangon၊ Myanmar Hindi Teachers' Association၊ Arya Samaj နှင့် ဘာသာရေးအဖွဲ့အစည်းအသီးသီးမှ ကြီးမှူးသော ကျောင်းများမှ တာဝန်ရှိသူများနှင့် ကျောင်းသားများ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Shri Abhay Thakur နှင့် ဧည့်သည်တော်များက အခမ်းအနားကို ဆီမီးထွန်းဖွင့်လှစ်ကြပြီး သံအမတ်ကြီး Shri Abhay Thakur က မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဟင်ဒီဘာသာဖြင့် ကဗျာရွတ်ဆိုခြင်း၊ ဟောပြောခြင်း၊ အထွေထွေဗဟုသုတ ပဟေဠိများနှင့် စာစီစာကုံးရေးသားခြင်း၊ ကျောင်းသားများနှင့် ဆရာများ ပါဝင်သောပြိုင်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ကြပြီး "Hindi: Vishwa bandutav ki bhasha" စာအုပ်မိတ်ဆက်အစီအစဉ်ကို ဆောင်ရွက်သည်။

ယင်းနောက် သံအမတ်ကြီး Shri Abhay Thakur က မြန်မာနိုင်ငံရှိ ဟင်ဒီဘာသာစကားသင်ကျောင်းများအတွက် ဖတ်စာအုပ်များကိုပေးအပ်ပြီး ဖျော်ဖြေရေးအစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး၌ မိုးစပါးဧက နှစ်သိန်းကျော် ရိတ်သိမ်းပြီးစီး

**မြိတ် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး၌ ယခုနှစ် မိုးစပါးစိုက်ရာသီက စိုက်ပျိုးခဲ့သည့် စပါး ၂၁၇၉၄၂ ဧကအထိ ရိတ်သိမ်းပြီးစီးကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ယခုနှစ်မိုးစပါး စိုက်ပျိုးရာသီက စပါး ၂၂၃၉၆ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသည့် စပါးခင်းများကို ယခုနှစ် အောက်တိုဘာလဆန်းမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့အထိ စပါးခင်း ၂၁၇၉၄၂ဧကအတွက် တစ်ဧက စပါးအထွက်နှုန်းမှာ ၇၃ ဒသမ ၃၅ တင်းထွက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



တနင်္သာရီ တိုင်းဒေသကြီး အတွင်း စိုက်ပျိုးထားသော စပါးခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် စပါးမျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ တမန်းနှီးပေါင်းထိုးရေး၊ မျိုးကွဲနုတ်ပယ်ရေး၊ ဓာတ်မြေဩဇာများ စနစ်တကျ သုံးစွဲနိုင်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

တနင်္သာရီ တိုင်းဒေသကြီး အတွင်းတွင် မိုးစပါးစိုက်ပျိုးရာသီက စပါးစိုက်ပျိုးနိုင်မှုမှာ ထားဝယ်ခရိုင်တွင် ၁၀၀၅၂၈ ဧက၊ မြိတ်ခရိုင်တွင် ၁၁၇၀၆၄ ဧက၊ ဘုတ်ပြင်းခရိုင်တွင် ၃၅၇၁ ဧကနှင့် ကော့သောင်းခရိုင်တွင် ၁၂၃၃ဧက စိုက်ပျိုးနိုင်ခဲ့သည်။

ယခုလက်ရှိတွင် ခရိုင်အလိုက် စပါးရိတ်သိမ်းပြီးစီးမှုမှာ ထားဝယ်ခရိုင်တွင် ၁၀၀၁၅၈ ဧက၊ မြိတ်ခရိုင်တွင် ၁၁၄၅၆၄ ဧက၊ ဘုတ်ပြင်းခရိုင်တွင် ၃၅၆၄ ဧကနှင့် ကော့သောင်းခရိုင်တွင် ၅၈၆ဧက ဖြစ်ကြောင်း သိရသည်။

တနင်္သာရီ တိုင်းဒေသကြီးသည် ဆန်စပါးဖူလုံမှု မရှိသည့် တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး ဆန်ဖူလုံမှု ၇၃ ရာခိုင်နှုန်းကျော်သာရှိပြီး လိုအပ်သည့် ဆန်ကို ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတို့မှ ဝယ်ယူနေရပြီး ယခင်နှစ်က တိုင်းဒေသကြီးတွင် မိုးစပါး ၂၂၇၁၇ ဧကစိုက်ပျိုးခဲ့ရာ စပါးစိုက်ခင်းများတွင် စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ ၇၂ ဒသမ ၄၂ တင်းနှင့် စုစုပေါင်း ၁၆၁၂၉၄၀၉ တင်း ထွက်ရှိခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# သုံးခွမြို့နယ်ရှိ ကျေးရွာလေးရွာ၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်း

**သုံးခွ ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းချို၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ယမန်နေ့က ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကဒပွနကျေးရွာတွင် အရှည် ပေ ၅၅၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မနှင့် ပုလဲကျေးရွာတွင် အရှည် ပေ ၅၂၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် အိသယျကျေးရွာတွင် အရှည် ပေ ၄၂၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မနှင့်ကတုံးအပေါ် အလယ်ကျေးရွာတွင် အရှည် ပေ ၇၇၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း ရာနှုန်းပြည့် ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သုံးခွမြို့နယ်၌ ကျေးရွာ လေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းလေးခုကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ် ၄၈ ဒသမ ၃၀၇၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

**မောင်ခိုင်**



# ပေါင်းတည်မြို့နယ်၌ မတ်ပဲစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

**ပေါင်းတည် ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော မတ်ပဲစိုက်ခင်းများနှင့် သဘာဝမြေဩဇာပင်များအား မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့များ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုသည်။

ပေါင်းတည်မြို့နယ် ကြူတောကန်၊ နတ်ပုတီးနှင့်ထန်းသုံးခွကျေးရွာ၊ ကျောင်းကုန်း၊ စခန်းကြီး၊ ညောင်ပင်ကုန်းနှင့် ကင်ပွန်းခြုံကျေးရွာ၊ မကြီးပင်၊ ကုက္ကိုကုန်း၊ ပေါက်တန်းကျေးရွာများရှိ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော တောင်သူများ၏ TBL-9 မတ်ပဲ စိုက်ခင်းများနှင့် သဘာဝမြေဩဇာအဖြစ် အသုံးပြုရန် မတ်ပဲစိုက်ခင်းများ၏ ပတ်လည်တွင် စိုက်ပျိုးထားသော ပိုက်ဆံလျှော်ပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီဝင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမျိုးမင်းမောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးမင်း ဦးဆောင်သော အဖွဲ့သည် တောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေးအသိပညာများ မျှဝေပေးကြကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**ရွှေတောင် ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း သုခမင်္ဂလာကုမ္ပဏီ (MMU) အထူးကုဆေးခန်းမှ နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း လာရောက်ဆောင်ရွက်ပေးလျက်ရှိရာ အမှတ် (၁) အထည်စက်ရုံ၊ သဘာဝဓာတ်ငွေ့စက်ရုံ၊ ပြည်ရေနံမြေ၊ ရွှေမျက်မှန်ဘုရား ဓမ္မာရုံတို့၌ ဇန်နဝါရီ ၇ ရက်မှ ၁၀ ရက်အထိ ရွှေတောင်မြို့နယ်အတွင်းရှိ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ၁၉၇၅ ဦး၊ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော လုပ်ငန်းရှင်များ၊ အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

မြို့နယ်လူမှုဖူလုံရေးဦးစီးမှူး ဒေါ်ဥမ္မာမြင့်၏ ကြီးကြပ်မှုဖြင့် လူမှုဖူလုံရေးဝန်ထမ်းများမှ စာရင်းရေးသွင်းပြီး သုခမင်္ဂလာကုမ္ပဏီ (MMU) အထူးကုဆေးခန်းမှ ဆရာဝန်များနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၁၀ ရက်က ရွှေမျက်မှန်ဘုရားဓမ္မာရုံ၌ ကိုယ်အလေးချိန်ချိန်ပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ လေးဖက်နာနှင့် စီပိုး၊ ဘီပိုး ရှိ မရှိ စစ်ဆေးကုသပေးကာ လတ်တလော ခံစားနေရသော ရောဂါဝေဒနာ အခြေအနေတို့ကို စမ်းသပ်စစ်ဆေးပေးခြင်း၊ လမ်းညွှန်မှုပေးခြင်းများကို ဝန်ဆောင်မှုပေး၍ လိုအပ်သည့်ဆေးဝါးများကို ထုတ်ပေးရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြအေးနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များက ကိုယ်တိုင်ဆေးကုသမှုခံယူပြီး ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရမ့်၏ အရှေ့အလယ်ပိုင်းဆိုင်ရာ သံတမန် စတိဗ်ဝသ်ကော့။

# ထရမ့်၏အရှေ့အလယ်ပိုင်းဆိုင်ရာ သံတမန်နှင့် အစ္စရေးဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရမ့်၏ အရှေ့အလယ်ပိုင်းဆိုင်ရာ သံတမန်သည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့် တွေ့ဆုံခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသတွင် ဖမ်းဆီးခံထားရသည့် ဓားစာခံများပြန်လွှတ်ပေးရေးနှင့် အပစ်အခတ်ရပ်စဲရေးတို့အတွက် ဆွေးနွေးခဲ့သည်ဟု သိရသည်။

ကာတာနိုင်ငံတွင် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးမှုများလုပ်ဆောင်နေစဉ် ယခုကဲ့သို့ ဆွေးနွေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဂါဇာဒေသတွင် ဟားမားစ်တို့နှင့် အစ္စရေးတပ်ဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲရေးအတွက် ကာတာနိုင်ငံမှ ကြားဝင်စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

အစ္စရေးဝန်ကြီးချုပ်နှင့် စတိဗ်ဝသ်ကော့တို့ ဇန်နဝါရီ ၁၁ ရက် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု အစ္စရေးဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်သည်။ ဇန်နဝါရီ ၂၀ ရက်တွင် ထရမ့်က အမေရိကန် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ရာ ယင်းမတိုင်မီ ဟားမားစ်တို့က ဓားစာခံများပြန်မလွှတ်ပါက ကြီးကြီးပေးဆပ်ရမည်ဟု ထရမ့်က ပြောသည်။

မော့ဆက် ထောက်လှမ်းရေးအေဂျင်စီ အကြီးအကဲနှင့် အခြားအရာရှိများ ကာတာနိုင်ငံသို့ ထွက်ခွာရန် ပြောကြားခဲ့ကြောင်း အဆိုပါရုံးက ပြောသည်။ ဆွေးနွေးညှိနှိုင်းမှုများတွင် တိုးတက်မှုများ ရှိလာကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဂါဇာဒေသတွင်သေဆုံးသူ ၄၆၅၃၇ ဦး အထိရှိလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**

# ၂၀၂၄ ခုနှစ်၌ သီရိလင်္ကာနိုင်ငံသားများ၏ လွှဲပို့ငွေ ကန်ဒေါ်လာ ၆ ဒသမ ၅၇ ဘီလီယံကျော်ရှိ

**ကိုလံဘို ဇန်နဝါရီ ၁၂**

ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော သီရိလင်္ကာနိုင်ငံသားများ၏ လွှဲပို့ငွေမှာ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၇ ဘီလီယံကျော်ရှိကြောင်း သီရိလင်္ကာဗဟိုဘဏ်က ဖော်ပြသော နောက်ဆုံးအချက်အလက်များအရ သိရသည်။

ယင်းပမာဏမှာ ၂၀၂၃ ခုနှစ်က သီရိလင်္ကာနိုင်ငံသားများ၏ လွှဲပို့ငွေနှင့် နှိုင်းယှဉ်လျှင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ ၂၀၂၃ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသားများ၏ လွှဲပို့ငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၇ ဒေါ်လာခန့် ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် သီရိလင်္ကာနိုင်ငံသားများ၏ လွှဲပို့ငွေမှာ အမေရိကန်ဒေါ်လာ ၆၁၃ ဒသမ ၈ သန်းရှိပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ၅၆၉ ဒသမ ၇ သန်း ရှိသည်။ လွှဲပို့ငွေမှာ သီရိလင်္ကာနိုင်ငံအတွက် နိုင်ငံခြားငွေရရှိသည့် အဓိကရင်းမြစ်တစ်ခုဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း သီရိလင်္ကာနိုင်ငံသား အများအပြားမှာ နိုင်ငံခြားအလုပ်အကိုင်အတွက် နိုင်ငံမှထွက်ခွာသွားကြကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံခြား အလုပ်အကိုင်ရှာဖွေရေးဗျူရို၏ ထုတ်ပြန်ချက်တွင် ၂၀၂၄ ခုနှစ်အတွင်း ပြည်ပအလုပ်အကိုင်များအတွက် နိုင်ငံမှ ထွက်ခွာသွားကြသော သီရိလင်္ကာနိုင်ငံသား စုစုပေါင်း ၃၁၂၈၃၆ ဦး ရှိသည်ဟု ဖော်ပြထားသည်။

ယင်းမှာ သီရိလင်္ကာနိုင်ငံသမိုင်းတစ်လျှောက်တွင် အလုပ်အကိုင်အတွက် ပြည်ပသို့ ထွက်ခွာသည့် သီရိလင်္ကာနိုင်ငံသားအရေအတွက် အများဆုံး ပမာဏဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ယီမင်၌ ဓာတ်ဆီဆိုင်ပေါက်ကွဲ၊ ၁၀ ဦး သေဆုံးပြီး ၆၅ ဦးကျော် ဒဏ်ရာရရှိ

**အေဒင် ဇန်နဝါရီ ၁၂**

ယီမင်နိုင်ငံအလယ်ပိုင်း အယ်လ်-ဘေဒါပြည်နယ်၌ ဇန်နဝါရီ ၁၁ ရက်က ဓာတ်ဆီဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ၁၀ ဦး ထက်မနည်း သေဆုံးပြီး ၆၅ ဦးကျော် ဒဏ်ရာရရှိကြောင်း ဒေသတွင်းအစိုးရအာဏာပိုင်များက ဆင်ဟွာသို့ ပြောကြားသည်။

ဇာဟာခရိုင်ရှိ ဓာတ်ဆီဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဘေးချင်းကပ် ဓာတ်ဆီဆိုင်နှစ်ခုနှင့် အနီးနားရှိ စီးပွားရေးဆိုင်ရာ ဂိုဒေါင်များကို မီးကူးစက်လောင်သွားခဲ့ကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှု ဖြစ်ပွားချိန်တွင် ဓာတ်ဆီဆိုင်၌ ဝယ်သူများနှင့် စည်ကားနေပြီး ပေါက်ကွဲမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးသူများက တိတိကျကျ မသိရှိရသေးကြောင်း ၎င်းက ပြောကြားသည်။

ကြီးမားသည့် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်နေသည့်ဓာတ်ဆီဆိုင်တွင် ဒဏ်ရာရရှိသည့်အရပ်သားများ ပရမ်းပတာထွက်ပြေးနေသည့်မြင်ကွင်းကို လူမှုကွန်ရက်မီဒီယာပလက်ဖောင်းတွင် ပျံ့နှံ့ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# တောမီးအတွင်း ပျောက်ဆုံးနေသူများကို ရှာဖွေရန် လော့စ်အိန်ဂျလိစ်ရဲတပ်ဖွဲ့က ရှာဖွေရေးအဖွဲ့ ဖွဲ့စည်း

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၂**

ကယ်လီဖိုးနီးယား တောမီးတွင် ပျောက်ဆုံးနေသူများကို ရှာဖွေရန် လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့သည် အထူးရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း ပြောသည်။

လူပေါင်း ၃၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် အမိန့်ထုတ်ပြန်ခဲ့ပြီး ယခုအချိန်အထိ ပျောက်ဆုံးနေသူများ ရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဇန်နဝါရီ ၇ ရက်က စတင်လောင်ခဲ့သည့် တောမီးသည် လေပြင်းများကြောင့် လျင်မြန်စွာ ကူးစက်ပျံ့နှံ့သွားခဲ့သည်။ လော့စ်အိန်ဂျလိစ် အရှေ့မြောက်ပိုင်းတွင်လည်း တောမီးများလောင်လျက်ရှိသည်။

တောမီးသည် စတုရန်းကီလိုမီတာ ၁၅၀ အထိ လောင်ခဲ့ပြီး သေဆုံးသူ ၁၆ ဦး ရှိပြီဟု သိရသည်။ အဆောက်အအုံပေါင်း ၁၀၀၀၀ ကျော်မှာလည်း မီးလောင်ပျက်စီးခဲ့ရသည်။

တောမီးမှထွက်သည့် မီးခိုးများကြောင့် လေထုအရည်အသွေး ကျဆင်းသည့်အတွက် ကျန်းမာရေး အာဏာပိုင်များက ဇန်နဝါရီ ၁၀ ရက်တွင် ကျန်းမာရေး သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ယခုအခါ မီးသတ်သမားများသည် မီးတောက်များကို ငြိမ်းသတ်နိုင်ပြီဖြစ်သည်။ လေပြင်းများ ထပ်မံ တိုက်ခတ်နိုင်သည့်အတွက် ဒေသခံများ သတိထားကြရန်လည်း အာဏာပိုင်များက သတိပေးထားသည်။ **ဆင်ဟွာ**

# ဂါဇာ၌ အစ္စရေး၏တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၀ ထက်မနည်းသေဆုံး

**ဂါဇာ ဇန်နဝါရီ ၁၂**

ဂါဇာကမ်းမြောင်ဒေသရှိ နေရာအနှံ့အပြားတွင် ဇန်နဝါရီ ၁၁ ရက်က အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၀ ထက်မနည်း သေဆုံးပြီး ဒါဇင်နှင့်ချီကာ ဒဏ်ရာရရှိကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဂျဘာလီယာ၌ နေရပ်စွန့်ခွာသူများနေထိုင်သည့် စာသင်ကျောင်းတစ်ခုပေါ်သို့ အစ္စရေးတို့၏ဗုံးကြဲမှုကြောင့် ကလေးနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးအပါအဝင် ပါလက်စတိုင်းရှစ်ဦးသေဆုံးပြီး ကလေး ၁၉ ဦး အပါအဝင် လူပေါင်း ၃၀ ကျော်ဒဏ်ရာရရှိကြောင်း အရပ်ဘက် ကာကွယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မာမောက်ဘေဆယ်က ဆင်ဟွာသို့ ပြောကြားသည်။

အလားတူ အခြားတိုက်ခိုက်မှုမှာ ဂါဇာမြို့အရှေ့ဘက် ရှုဂျာယာဝန်းကျင်ဒေသရှိ နေအိမ်တစ်လုံးကို ပစ်မှတ်ထားကာ အစ္စရေးက လေကြောင်းတိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်းနှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ဘေဆယ်က ပြောကြားသည်။

ထို့ပြင် ဂါဇာမြို့ အနောက်ဘက် အနီးဝန်းကျင် အယ်လ်-ရီမာလ်ရှိ လူနေတိုက်ခန်းတစ်လုံးကို ပစ်မှတ်ထားကာ ဗုံးကြဲသောကြောင့် ကလေးတစ်ဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် သုံးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ထို့နောက် ဂါဇာမြို့ အရှေ့ဘက် အယ်လ်-နာဖာလမ်းတွင် နိုင်ငံသားများ စုဝေးနေချိန် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာ လေးဦးသေဆုံးကြောင်း၊ ယင်းနောက် ဂါဇာကမ်းမြောင်ဒေသအလယ်ပိုင်း ဒီယာ အယ်လ်-ဘလာ့မြို့ရှိ ရွက်ဖျင်တဲတစ်ခုကို အစ္စရေးတိုက်လေယာဉ်၏ ဗုံးကြဲမှုကြောင့် သုံးဦးသေဆုံးကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# အန်ဂိုလာနိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၁၅ ဦးနှင့် ရောဂါဖြစ်ပွားသူ ၁၇၀ ရှိ

**လုအန်ဒါ ဇန်နဝါရီ ၁၂**

အန်ဂိုလာနိုင်ငံ၌ ဇန်နဝါရီ ၁၁ ရက် ညနေ ၆ နာရီအထိ ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၇၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အန်ဂိုလာနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကာလဝမ်းရောဂါကြောင့် သုံးဦး သေဆုံးပြီး ရောဂါထပ်မံဖြစ်ပွားသူ ၅၁ ဦး ရှိကြောင်းနှင့် ယခုကာလဝမ်းရောဂါဖြစ်ပွားမှုမှာ လုအန်ဒါပြည်နယ်ရှိ နောက်ထပ် မြို့နယ်နှစ်ခုသို့ ကူးစက်ပျံ့နှံ့လာပြီဖြစ်ကြောင်း သိရသည်။ ယင်းရောဂါကြောင့် သေဆုံးသူမှာ ၁၅ ဦး ရှိလာပြီဖြစ်သည်။

အန်ဂိုလာနိုင်ငံသည် ဇန်နဝါရီ ၇ ရက်တွင် ပထမဆုံး ကာလဝမ်းရောဂါဖြစ်ပွားသူ တွေ့ရှိကြောင်း အတည်ပြုချိန်မှစတင်ကာ ကာလဝမ်းရောဂါဖြစ်ပွားမှု ပိုမိုမြင့်တက်လာသည့်အတွက် အန်ဂိုလာကျန်းမာရေးဝန်ကြီးဌာနက ကာလဝမ်းရောဂါဖြစ်ပွားကြောင်း ဇန်နဝါရီ ၁၀ ရက် ညနေပိုင်းတွင် ထုတ်ပြန်ကြေညာထားသည်။

**ဆင်ဟွာ**

# မကြုံစဖူး ဆိုးရွားပြင်းထန်လှတဲ့ တောမီးလောင်မှုကို ရင်ဆိုင်ခဲ့ရတဲ့ လော့စ်အိန်ဂျလိစ်ဒေသခံများ

နွယ်နီလင်း

**အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့မှာ ဇန်နဝါရီ ၇ ရက်ကစပြီး ပြင်းထန်တဲ့တောမီးတွေ စတင်လောင်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံရဲ့ လူဦးရေအထူထပ်ဆုံးဖြစ်တဲ့ လော့စ်အိန်ဂျလိစ်မြို့တစ်ဝန်း တောမီးလောင်မှုကို ထောင်နဲ့ချီတဲ့မီးသတ်သမားတွေက မီးငြိမ်းသတ်လျက်ရှိတယ်။ မီးလောင်မှုကြောင့် သေဆုံးသူ ၁၆ ဦး အထိရှိပြီလို့ ဒေသတွင်းအာဏာပိုင်တွေက ဆိုတယ်။ အခုအချိန်အထိ ပျောက်ဆုံးနေသူတွေလည်း ရှိတယ်လို့ ရဲတပ်ဖွဲ့က ဆိုတယ်။**

ထို့ပြင် လူပေါင်းသုံးသိန်းကျော်ကိုလည်း ဘေးကင်းရာပြောင်းရွှေ့ဖို့ အမိန့်ပေးထားပါတယ်။ ဇန်နဝါရီ ၁၁ ရက်က စတင်လောင်ခဲ့တဲ့ တောမီးဟာ လေပြင်းတိုက်ခတ်မှုတွေကြောင့် လျင်မြန်စွာ ကူးစက်လောင်ခဲ့တယ်။ တောမီးကြောင့် ၁၆၀ စတုရန်းကီလိုမီတာကျော် မီးလောင်ပျက်စီးခဲ့တယ်။ ဇန်နဝါရီ ၁၀ ရက်အထိ အဆောက်အအုံပေါင်း ၁၂၃၀၀ ကျော်လည်း မီးလောင်ပျက်စီးသွားခဲ့တယ်။ တောမီးကြောင့် ပျောက်ဆုံးနေသူတွေကို ရှာဖွေရန် လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့က အထူးရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းလိုက်တယ်လို့ ဆိုတယ်။

မီးသတ်သမားတွေဟာ Palisades မီး၊ Eaton မီး၊ ဟောလိဝုဒ်တောင်ကုန်းမှာလောင်တဲ့ Sunset မီး၊ Sylmar မှာလောင်ရှိတဲ့ Hurst မီးဆိုပြီး အဓိက တောမီးတွေကို ရင်ဆိုင်ခဲ့ရပါတယ်။ လူ ၁၁ ဦးဟာ Eaton မီးနဲ့ဆက်စပ်ပြီး သေဆုံးတာဖြစ်ပြီး ငါးဦးကတော့ Palisades ဒေသမီးဇုန်အတွင်း တွေ့ရှိပါတယ်။

ဇန်နဝါရီ ၇ ရက် ညနေပိုင်းက လောင်ခဲ့တဲ့ လူသေဆုံးစေတဲ့ Eaton မီးဟာ Altadena ဧရိယာနဲ့ Pasadena မြို့အနီး ၁၄၁၁၇ ဧကကို လောင်ခဲ့ပြီး ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းအထိ မီးလောင်မှု ၁၅ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ခဲ့ပါတယ်။

မီးဟာ မတ်စောက်ပြီး လက်လှမ်းမမီတဲ့မြေနဲ့ ခြောက်သွေ့တဲ့ သဘာဝပေါက်ပင်တွေရှိတဲ့ နေရာကို နေချင်းညချင်းလောင်တယ်လို့ ကယ်လီဖိုးနီးယားသစ်တောနှင့် မီးဘေးကာကွယ်ရေးဌာနက ဆိုတယ်။ လော့စ်အိန်ဂျလိစ်ဒေသအတွင်း လောင်နေတဲ့ တောမီးဟာ ဒေသငါးခုထက်မနည်း ရှိတဲ့အနက် Palisades မီးဟာ မီးလောင်မှုအကြီးဆုံးဖြစ်ပြီး ဧက ၂၂၆၆၀ ကို လောင်ခဲ့တယ်။ ယင်းဒေသမှာလောင်တဲ့ တောမီးဟာ ဇန်နဝါရီ ၇ ရက်ကစပြီး အဆောက်အအုံ ၅၃၀၀ ကျော်ကို ဖျက်ဆီးပစ်လိုက်ပြီး အခုအချိန်အထိ မီးလောင်မှု ၁၁ ရာခိုင်နှုန်းကို ထိန်းထားနိုင်ခဲ့တယ်။

အများပြည်သူ ဘေးကင်းရေးနဲ့ အဆောက်အအုံ ကာကွယ်ရေးတွေကို အဓိကထားပြီး မီးငြိမ်းသတ်ရေးကြိုးပမ်းမှုတွေကို ဆက်လက်အာရုံစိုက် ပြုလုပ်နေတယ်။ ဇန်နဝါရီ ၁၁ ရက်အထိ မြောက်မှ အရှေ့မြောက်လေမှာ တဖြည်းဖြည်းအားကောင်းလာပြီး ယင်းနေ့ညနေပိုင်းနဲ့ ညပိုင်းမှာ အင်အားအမြင့်မားဆုံးဖြစ်တယ်လို့ ကယ်လီဖိုးနီးယားသစ်တောနှင့် မီးဘေးကာကွယ်ရေးဌာနက ဆိုတယ်။



လော့စ်အိန်ဂျလိစ်မြို့ Palisades ဒေသ၌ မီးသတ်သမားတစ်ဦးက မီးငြိမ်းသတ်နေသည်ကို ဇန်နဝါရီ ၁၁ ရက်ကတွေ့ရစဉ်။

**❑ သမ္မတဘိုင်ဒင်က ကယ်လီဖိုးနီးယားတောမီးကို သဘာဝဘေးအန္တရာယ်အဖြစ်ကြေညာခဲ့ပြီး တောမီးကြောင့် ထိခိုက်ခံစားရသည့် ဒေသခံများကို ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြိုးပမ်းမှုတွေမှာ ကူညီပေးဖို့ ညွှန်ကြားထား**

**❑ မီးလောင်မှုကြောင့် သေဆုံးသူ ၁၆ ဦး အထိရှိပြီး အခုအချိန်အထိ ပျောက်ဆုံးနေသူတွေလည်း ရှိတယ်လို့ ရဲတပ်ဖွဲ့က ဆို**

### အစောင့်တပ်ဖွဲ့ကို နှစ်ဆတိုးထား

မီးငြိမ်းသတ်ရာတွင် အထောက်အကူဖြစ်စေဖို့ ကယ်လီဖိုးနီးယား အမျိုးသား အစောင့်တပ်ဖွဲ့ကို နှစ်ဆတိုးထားတယ်။ နောက်ပြီး လော့စ်အိန်ဂျလိစ်တောမီးကိုငြိမ်းသတ်ရာမှာ အများပြည်သူဘေးကင်းရေးအတွက် ယင်းဒေသအတွင်း ကယ်လီဖိုးနီးယားအမျိုးသား အစောင့်တပ်ဖွဲ့ဝင် ၁၆၈၀ ကိုတပ်ဖြန့်ထားတယ်လို့ ဇန်နဝါရီ ၁၁ ရက်က ကယ်လီဖိုးနီးယား ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူဆမ်က ဆိုတယ်။

### မကြုံစဖူး တောမီးလောင်မှုဖြစ်

ဒါဟာ အမေရိကန်ပြည်ထောင်စု၏ လူဦးရေအများဆုံးဖြစ်သည့် လော့စ်အိန်ဂျလိစ်မှာ မကြုံစဖူးကြီးမားတဲ့ တောမီးလောင်မှုဖြစ်တယ်လို့ သိရပါတယ်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားတောမီးလောင်မှုကြောင့် သမ္မတဂျိုးဘိုင်ဒင်ဟာ အီတလီနိုင်ငံသို့သွားမယ့် ခရီးစဉ်ကို ဖျက်သိမ်းလိုက်တယ်လို့ အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၈ ရက်က ဆိုသည်။

### သဘာဝဘေးအန္တရာယ်အဖြစ်ကြေညာ

သမ္မတဘိုင်ဒင်က ကယ်လီဖိုးနီးယားတောမီးကိုသဘာဝဘေးအန္တရာယ်အဖြစ်ကြေညာခဲ့ပြီး တောမီးကြောင့် ထိခိုက်ခံစားရသည့် ဒေသခံများကို ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြိုးပမ်းမှုတွေမှာ ကူညီပေးဖို့ ညွှန်ကြားထားပါတယ်။

ထောက်ပံ့ပေးမယ့် အကူအညီတွေထဲမှာ ယာယီအိမ်ရာနဲ့ အိမ်ပြုပြင်ခြင်းအတွက် ထောက်ပံ့ကြေးတွေ၊ အာမခံမထားတဲ့ အိမ်ရာတွေအတွက် ဆုံးရှုံးမှုတွေ ကာမိစေဖို့ တန်ဖိုးနည်းချေးငွေနဲ့ တောမီးကြောင့် ထိခိုက်ခံစားရတဲ့ လူတစ်ဦးချင်းစီနဲ့ လုပ်ငန်းရှင်တွေအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီပေးရေး အစီအစဉ်တွေ ပါဝင်တယ်လို့ အိမ်ဖြူတော်က ဆိုတယ်။

ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူဆမ်က တောမီးလောင်မှုနဲ့ပတ်သက်ပြီး ပြည်နယ်အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ဇန်နဝါရီ ၇ ရက်က ကြေညာခဲ့ပါတယ်။

“အိမ်မီးလောင်မှု မဖြစ်ပွားမီ ခဏအကြာမှာ ဘေးလွတ်ရာကို ပြောင်းရွှေ့ခဲ့ပါတယ်၊ ကျွန်ုပ်တို့ အားလုံးဆုံးရှုံးသွားပါပြီ” လို့ Altadena ဒေသက စာရင်းကိုင် မိုက်ကယ်က ဆိုတယ်။

ဇန်နဝါရီ ၇ ရက် ညပိုင်းက စတင်လောင်ခဲ့တဲ့ တောမီးဟာ ခရိုင်ရဲ့ပျက်စီးမှုအဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ဖြစ်တယ်၊ တောမီးဟာ အခုအချိန်အထိ အဆောက်အအုံများစွာကို ဖျက်ဆီးလိုက်တယ်လို့ လော့စ်အိန်ဂျလိစ် မီးသတ်အကြီးအကဲ ခရစ်စတင်ခရိုလီက ဆိုတယ်။

တောမီးကြောင့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုတန်ဖိုးဟာ ၂၀၁၈ ခုနှစ် ကယ်လီဖိုးနီးယားတောမီးကြောင့်ပျက်စီးဆုံးရှုံးမှုတွေထက် ပိုများနိုင်တယ်လို့ အစောပိုင်းခန့်မှန်းချက်တွေက ဆိုတယ်။

လော့စ်အိန်ဂျလိစ်ရဲ့ နေရာအနှံ့အပြားမှာ ပြင်းထန်တဲ့တောမီးက ဇန်နဝါရီ ၁၀ ရက်အထိ ဆက်လက်လောင်နေတဲ့အတွက် ကျောင်းတွေပိတ်ထားရခြင်း၊ ဖျော်ဖြေရေးနှင့် အားကစားပွဲတွေ ပယ်ဖျက်ခဲ့ရပါတယ်။

ကျောင်းသား ကျောင်းသူတွေနဲ့ ဝန်ထမ်းတွေကို အန္တရာယ်ရှိတဲ့ လေထုအရည်အသွေးမှ ကာကွယ်၊ တားဆီးဖို့အတွက် အမေရိကန်နိုင်ငံရဲ့ ဒုတိယအကြီးဆုံး ခရိုင်အစိုးရကျောင်းဖြစ်တဲ့ Los Angeles Unified School District ကျောင်းကို ဇန်နဝါရီ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ပိတ်ခဲ့ရပါတယ်။

“အထူးသဖြင့် အသက်ရှူ လမ်းကြောင်း အခြေအနေရှိတဲ့ ကလေးတွေအတွက် ကျောင်းကိုသွားတာဟာ အိမ်မှာနေတာထက် ပိုပြီးအန္တရာယ်များတယ်” လို့ ကြီးကြပ်သူ အယ်လ်ဘာတို ကာဗယ်ဟိုက ဆိုတယ်။

အခုအခါ မီးသတ်သမားတွေဟာ မီးငြိမ်းသတ်နိုင်ပြီဖြစ်သော်လည်း လေပြင်းတွေ ထပ်မံတိုက်ခတ်လာနိုင်တဲ့အတွက် သတိထားကြရန် ဒေသခံတွေကို အာဏာပိုင်တွေက သတိပေးထားတယ်။

**ကိုးကား–ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



လော့စ်အိန်ဂျလိစ်မြို့ Altadena ဒေသ၌ တောမီးကြောင့် ကားများ ပျက်စီးနေသည်ကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၀ လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၁၈၁၈၆၈၁)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၂ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၉၈၂၃၇၈)ကိုလည်းကောင်း၊ သီလဝါ ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၁၃၅၅၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၂၉၃၆၅၅၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ် မန်းရေနံမြေဝင်းအတွင်း၌ တရားမဝင်ရေနံစိမ်း ဂါလန် ၁၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့ ဥယျာဉ်ရပ်ကွက်၌ လိုင်စင်မဲ့ Honda PCX မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇန်နဝါရီ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ညောင်ပင်ဇင်ကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၆၀၂ ပီပါ၊ ဓာတ်ဆီ ၆၀၉ ပီပါ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၈၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၄ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၅၃၉၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai KMEFG Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၀၀၅၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၄၆၅၄၄၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ကားကြီးဝင်းအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု၊ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၉၉၂၅၁၀၄၉)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

## ရေတာရှည်မြို့နယ်၌ ကျွန်းစိုက်ခင်းအတွင်း ကျွန်းပင်များခုတ်လှဲထားသူ အမျိုးသားတစ်ဦးအား အမှုဖွင့်အရေးယူထား

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်က ကျွန်းစိုက်ခင်းအတွင်း ကျွန်းပင်များ ခုတ်လှဲထားသူ အမျိုးသားတစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေတာရှည်မြို့နယ် ကြို့ကုန်းကျေးရွာနေ အိုင်ဝါတနီကျွန်းစိုက်ခင်းတာဝန်ခံ ဦးရွှေသိန်း(၄၀)နှစ်သည် ကျွန်းစိုက်ခင်းအတွင်း လှည့်လည်စစ်ဆေးနေစဉ် (၈) မိုင်ကျေးရွာနေ စိုးပိုင်(၂၆)နှစ်အား စိုက်ခင်းအတွင်း စိုက်ပျိုးထားသည့် ကျွန်းပင်များ ပိုင်းဖြတ်ခုတ်လှဲထားသည့် ကျွန်းတိုင် ၄၁ တိုင် ၁ ဒသမ ၀၁၆ တန်နှင့်အတူ တွေ့ရှိရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ စိုးပိုင်အား သာဂရနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ကလောမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်က လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၀ ရက် ည ၉ နာရီခွဲတွင် ကလောခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နန်းပန်တက် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်ပိတ်ဆို့ စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ယင်းမာပင်မြို့ဘက်မှ ကလောမြို့ဘက်သို့ မြဝတီမြို့ (၄)ရပ်ကွက်နေ အောင်ဟိန်းဇော်(၃၀)နှစ် မောင်းနှင်လာသည့် MDY-15 6P/xxxx Honda Fit ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်းသိရှိရသဖြင့် အောင်ဟိန်းဇော်အား ကလောမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ကျွန်းစုမြို့နယ်၌ မီးသွေးမီးဖိုဖြင့် ထမင်းချက်ပြုတ်ရာမှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်က မီးသွေးမီးဖိုဖြင့် ထမင်းချက်ပြုတ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီ မိနစ်၂၀ တွင် ကျွန်းစုမြို့နယ် ပထော်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပထက်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၄၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး စိစစ်ရာ အဆိုပါကျေးရွာနေ သန်းသန်းဖြိုး(၃၀)နှစ်သည် ၎င်း၏ နေအိမ်၌ မီးသွေးမီးဖိုဖြင့် ထမင်းချက်ပြုတ်နေစဉ် မီးဖိုအနီးရှိ ပလတ်စတစ်ပစ္စည်းတင်စင်ပေါ်သို့ မီးပွားကျရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် သန်းသန်းဖြိုးအား ကျွန်းစုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ရွှေဘိုမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲက ရွှေဘိုမြို့နယ် တဲကြီးကျေးရွာ ရွှေဘိုတပ်နယ်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လူ/ယာဉ်စစ်ဆေးနေစဉ် ရွှေဘိုမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ ကျွန်းလှမြို့ စည်ပင်ဈေးကုန်းရပ်ကွက်နေ နိုင်မျိုးအောင်(၃၇)နှစ် မောင်းနှင်လာသည့် MDY-16 9D/xxxx SUZUKI SWIT ခဲရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် နိုင်မျိုးအောင်အား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မြဝတီမြို့ အထက(၃)၌ ပညာရေးစုံညီပွဲတော်ကျင်းပ



**မြဝတီ ဇန်နဝါရီ ၁၂**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၁ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိန်သောင်းနှင့် ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးတို့က အမှာစကားပြောကြားပြီး အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က စုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်အဆင့်၊ ပြည်နယ်/မြို့နယ်အဆင့် ပြိုင်ပွဲအလိုက် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

# လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဖောင်ကြီး)၌ လူငယ်စကားဝိုင်းကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဖောင်ကြီး)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၁၁ ရက်က အခြေခံပညာအထက်တန်းကျောင်း(ဖောင်ကြီး)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးသိန်းက အားကစားပညာအကြောင်း အသိပညာပေးသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အထက(ဖောင်ကြီး)မှ အထက်တန်းပြဆရာမ ဒေါ်လှလှဝင်းတို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်၍ အထက(ဖောင်ကြီး)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့်အားကစား စသည့်ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ရာ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများကလည်း သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဓနုဖြူမြို့နယ်၌ နွေစပါးရာသီ ကန်ထရိုက်လယ်ယာနှင့် မျိုးစေ့ထုတ်လယ်ယာ တောင်သူများအား စိုက်ပျိုးစရိတ်ပေးအပ်

**ဓနုဖြူ ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးရာသီ ကန်ထရိုက်လယ်ယာနှင့် မျိုးစေ့ထုတ်လယ်ယာ တောင်သူများအား စိုက်ပျိုးစရိတ်ပေးအပ်ပွဲကို ဇန်နဝါရီ ၁၁ ရက်က ကဠနကျွန်းသာ ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထွန်းက ဆန်စပါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း ပြည်ပ ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးအောင်က စိုက်ပျိုးရေးဆိုင်ရာများကို ဆွေးနွေးသည်။ ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများက



တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်ခဲ့သည်။(အပေါ်ပုံ)

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ပဲခူးမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်



**ပဲခူး ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်ခေတ္တအုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်လွင်တို့ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ပဲခူးမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးဘေးကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဆွေးနွေးပြောကြားပြီး ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် လူမှုဖူလုံရေးအာမခံအကျိုးခံစားခွင့်ပေးအပ်

**မကွေး ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် မြိတ်စီးတီးသောက်ရေသန့်လုပ်ငန်းမှ အာမခံအလုပ်သမား ဦးမြို့ဝေ၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ကို မြိတ်မြို့သို့ သွားရောက်ထုတ်ယူရန် ခက်ခဲခြင်းကြောင့် မကွေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ဇန်နဝါရီ ၉ ရက်က ထုတ်ပေးခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ဦးက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးတာဝန်ခံအရာရှိ၊ မြို့နယ်ရုံးခွဲတာဝန်ခံ ဒေါ်ဝေဝေပိုင်နှင့် မြို့နယ်တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်ခင်သီသီထွန်းတို့က မြိတ်စီးတီးသောက်ရေသန့်လုပ်ငန်းမှ အာမခံအလုပ်သမား ဦးမြို့ဝေ၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၅၂၂၀၀၀၀ ကို မိခင်ဖြစ်သူ ဒေါ်ကျည်းတန်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သီဟစည်သူ**



# ဇလွန်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**ဇလွန် ဇန်နဝါရီ ၁၂**

ဇလွန်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို လမ်းမတော်မြောက်ရပ်ကွက် ရွှေဗျိုင်းဖြူစက်သုံးဆီအရောင်းဆိုင်တွင် ဇန်နဝါရီ ၁၁ ရက်က ဆောင်ရွက်ရာ ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးချစ်လွင်ထွေးက မီးဘေးအန္တရာယ် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အလျင်အမြန်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှသန္နွေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြလေ့ကျင့်သည်။ **မြို့နယ်(ပြန်/ဆက်)**



# အောင်မြေသာစံမြို့နယ်အတွင်းPump House နှင့် မီးသတ်ရေပုံးတ်(Hydrant)များ စစ်ဆေးဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၁၂**

ပွင့်လင်းခြောက်သွေ့သော ရာသီအချိန်ကာလသို့ရောက်ရှိလာပြီဖြစ်၍ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း မီးလောင်မှုများဖြစ်ပွားလာပါက မီးငြိမ်းသတ်ရာတွင် ရေပြတ်တောက်မှုမရှိဘဲ အချိန်ကြာမြင့်စွာ ငြိမ်းသတ်နိုင်ရေးအတွက် ၂၂ လမ်း၊ ၈၀ လမ်းထောင့်တွင် ကျုံးရေကန်နှင့် ချိတ်ဆက်တပ်ဆင်ထားသော Pump House၊ ပုလဲငွေရောင်ရပ်ကွက်နှင့် ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်အတွင်းရှိ မီးသတ်ရေပုံးတ်(Hydrant)များ ကောင်းမွန်စွာအလုပ်လုပ်နိုင်မှု ရှိ၊ မရှိကို အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်၍ သန္နွေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ အောင်မြေသာစံ အရန်မီးသတ်တပ်ဖွဲ့မှ ဒုတပ်ရင်းမှူး ဦးမြင့်ဇော်ပါ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦး ပါဝင်သောအဖွဲ့များဖြင့် ပူးပေါင်း၍ ဇန်နဝါရီ ၁၁ ရက်က သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး၊ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် ကြိုတင်ပြင်ဆင်အောင်ပွဲဝင် နမူနာမေးခွန်း လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade-4

### Section (A) Listening

I. **Listen carefully to the teacher and write True or False.** **(2 marks)**

| Example - (1) thirteen | 1. True |
|---|---|

1. thirteen (1) ..............
2. south (2) ..............
3. east (3) ..............
4. baht (4) ..............
5. taka (5) ..............

### Section (B) Reading

II. **Read the following dialogue and fill in the blanks with the suitable words given in the box. (2 marks)**

| library | love | library | tomorrow | like | join |
|---|---|---|---|---|---|

Phyu Phyu : I will go to the ....... (1) ....... with my sister ....... (2) .......

Thin Thin : The ....... (3) ....... ! That sounds great.

Phyu Phyu : Would you ....... (4) ....... to ....... (5) ....... us?

Thin Thin : Sure, I would ....... (6) ....... to.

### Section (C) Writing

III. **Fill in the blanks with a suitable word.** **(2 marks)**

1. I went to Ngapali .............. (**beach**) with my parents during the Thadingyut holidays.
2. I got up early in the .............. (**morning**) and walked on the beach.
3. Then, I drank coconut .............. (**water**).
4. The .............. (**food**) was great, and I like fried fish.
5. I rode a .............. (**bicycle**) on the beach with my father.
6. The sky was .............. (**beauty**) in the evening.
7. We enjoyed our .............. (**trip**) to Ngapali.
8. I like eating fried .............. (**fish**).

**Answer Keys**

I. 1. True 2. True 3. False 4. False 5. True

II. 1. library 2. tomorrow 3. library 4. like 5. join 6. love

III. 1. beach 2. morning 3. water 4. food 5. bicycle 6. beautiful 7. trip 8. fish

## Grade-5

### Section (A) Listening

I. **Listen carefully to the teacher and match the phrases from column A and column B to make sentences.** **(5 marks)**

| Column A | Column B |
|---|---|
| (1) In the Performing Arts class | (a) Puts out fires. |
| (2) In the Visual Arts class | (b) Flies an airplane. |
| (3) A hair dresser | (c) we often draw and paint. |
| (4) A pilot | (d) fixes cars. |
| (5) A firefighter | (e) cuts people's hair |
| (6) A mechanic | (f) we usually sing and dance. |

### Section (B) Reading

II. **Read the following dialogue and fill in the blanks with the suitable words given below.** **(10 marks)**

| visit | are | going | play | That's | uncle |
|---|---|---|---|---|---|
| do | chess | with | you | join | right |

**Dialogue 1**

A: Are you going to ....... (1) ....... badminton this evening?

B: Yes, I am. Will you ....... (2) ....... me?

A: No, I won't. I'm ....... (3) ....... to play football.

B: No worries. I'll play ....... (4) ....... Bo Bo.

**Dialogue 2**

A: What are ....... (5) ....... going to do this Saturday?

B: I'm going to play ....... (6) ....... with my brother. What about you?

A: I'm going to ....... (7) ....... judo.

B: That's ....... (8) .......

**Dialogue 3**

A: I'm going to visit my ....... (9) ....... in Mandalay next month.

B: What ....... (10) ....... you going to do there?

A: I'm going to ....... (11) ....... U Bein Bridge and walk over the bridge. Then, I'm going to visit Mandalay Hill and take photos there. I'm also going to eat Mandalay Mont Di at Zegyo Market.

B: ....... (12) ....... great!

### Section (C) Writing

III. **Fill in the blanks with a suitable word form.** **(5 marks)**

1. I will go to Inle Lake with my family next .............. (**Sunday**)
2. First, we will have Shan .............. for breakfast in Nyaung Shwe. (**noodle**)
3. Then, we will go to Inle Lake by .............. (**motorboat**)
4. Inle Lake is a .............. lake. (**natural**)
5. We will see leg- .............. and floating gardens in Inle. (**rower**)

**Answer Keys**

I. 1. (f) 2. (c) 3. (e) 4. (b) 5. (a) 6. (d)

II. 1. play 2. join 3. going 4. with 5. you 6. chess 7. do 8. right 9. uncle 10. are 11. visit 12. That's

III. 1. Sunday 2. noodles 3. motorboat 4. natural 5. rowers

## Grade-6

I. **Complete the sentences with the appropriate words. The initial letters are given.** **(10 marks)**

1. Students mustn't **s**.............., drink alcohol, or use drugs.
2. Students are not permitted to have visible **t**...............
3. Students may bring mobile phones but use them only as learning **d**...............
4. Students mustn't bring large sums of **m**...............
5. Students must attend school **r**...............
6. Students mustn't bring **l**.............. to school.
7. Knives and other sharp objects are considered **w**...............
8. Students must not dye or **h**.............. their hair.
9. Visible tattoos are not **p**...............
10. Girls must keep their faces free from **m**...............

**Answer Keys**

I. 1. smoke 2. tattoos 3. devices 4. money 5. regularly 6. lighters 7. weapons 8. highlight 9. permitted 10. make-up

## Grade-7

I. **Supply the correct form of words given in brackets.** **(10 marks)**

1. .............. (**egg**) are a good source of Vitamin A and Vitamin E.
2. Vitamin A is good for our muscles and .............. (**tissue**).
3. A .............. (**healthy**) diet includes a variety of vitamins and minerals.
4. We get .............. (**magnesium**) from nuts, seeds, and green vegetables.
5. Vitamin B is found in .............. (**grain**) and eggs.
6. We need .............. (**sufficient**) amounts of Vitamin C to prevent infections.
7. .............. (**deficiency**) of Vitamin D can lead to weak bones.
8. A .............. (**deficient**) diet may lead to various health issues.
9. .............. (**seafood**) is rich in iron.
10. Zinc helps with the .............. (**heal**) of wounds.

**Answer Keys**

I. 1. Eggs 2. tissues 3. healthy 4. magnesium 5. grains 6. sufficient 7. Deficiency 8. deficient 9. Seafood 10. healing

## Grade-8

I. **Complete the sentences with the appropriate words. The initial letters are given.** **(10 marks)**

1. C.......... on mobile phones can disturb others.
2. H.......... problems may arise from excessive phone use.
3. M.......... screens can strain your eyes.
4. T.......... teenagers often overuse phones.
5. A.......... to phones distracts from studies.
6. D.......... social connections may weaken with overuse.
7. I.......... browsing is common on smartphones.
8. N.......... is lost during excessive phone use.
9. T.......... calls can be made worldwide.
10. C.......... and family stay connected via phones.

**Answer Keys**

I. 1. Calls 2. Health 3. Mobile 4. Today's 5. Addiction 6. Direct 7. Internet 8. Nature 9. Telephone 10. Contacts

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။



## ဩစတြေးလျအိုးပင်းပြိုင်ပွဲပထမအဆင့်တွင် လက်ရှိချန်ပီယံ ဆာဘာယ်လင်ကာက စတီဗင်ကိုအနိုင်ရ

ကမ္ဘာ့နံပါတ်တစ် ဘယ်လာရုစ်တင်းနစ်မယ် အရှိုင်းနာ ဆာဘာယ်လာကာသည် ဩစတြေးလျအိုးပင်းတင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမအဆင့်တွင် အမေရိကန်တင်းနစ်မယ် စတီဗင်ကို ၆-၃၊ ၆-၂ ရလဒ်ဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဆာဘာယ်လင်ကာသည် ၂၀၂၃ ခုနှစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကာဇက်စတန်တင်းနစ်မယ် ရှိုင်ဘာကီနာကို အနိုင်ယူကာ ချန်ပီယံဆွတ်ခူးထားသူ ဖြစ်သည်။ ထို့အပြင် ၎င်းသည် ၂၀၂၄ ခုနှစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင်လည်း တရုတ်တင်းနစ်မယ် ရှောင်ကွင်ဝင်ကို အနိုင်ယူကာ ချန်ပီယံဆွတ်ခူးထားသူ ဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် ဆာဘာယ်လင်ကာသည် ဩစတြေးလျအိုးပင်းချန်ပီယံဆုဖလားကို သုံးကြိမ်ဆက်ဆွတ်ခူးနိုင်သည့် ခုနစ်ဦးမြောက်ကစားသမားဖြစ်လာရေး ရည်မှန်းထားသူ ဖြစ်သည်။ ၎င်းသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲ၌ ၁၅ ပွဲဆက်နိုင်ပွဲအပါအဝင် နောက်ဆုံး ၂၉ ပွဲတွင် ၂၈ ပွဲအထိ နိုင်ပွဲရရှိလာပြီ ဖြစ်သည်။

၎င်းသည် လာမည့်ပွဲစဉ်တွင် စပိန်တင်းနစ်မယ် ဂျက်ဆီကာ ဘော်ဇာမာနေယိုနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ မာနေယိုက ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဗြိတိန်တင်းနစ်မယ် ကာတဲလ်နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ၆-၁၊ ၇-၆ (၇-၅) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဒုတိယအဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ဆာဘာယ်လာကာနှင့်အတူ ဩစတြေးလျအိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် ဗီကစ်၊ အန်ဒရီဗာ၊ မာရီယာ၊ ဖာနန်ဒက်ဇ်၊ ရှောင်ကွင်ဝင်တို့ နိုင်ပွဲကိုယ်စီရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

## အက်ဖ်အေဖလား တတိယအဆင့်တွင် စပါး၊ မန်စီးတီးအသင်းတို့နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်

အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့်မှ ဇန်နဝါရီ ၁၂ ရက် ည ၇ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် နေရှင်နယ်လိဂ်ကလပ် တမ်းဝေါ့သ်နှင့် စပါးအသင်းပွဲစဉ်တွင် စပါးအသင်းက သုံးဂိုးပြတ်အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိသရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

နေရှင်နယ်လိဂ်တွင် ကစားနေသော တမ်းဝေါ့သ်အသင်းသည် အသင်းကြီး စပါးအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားထားနိုင်ခဲ့သည်။

စပါးအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို တမ်းဝေါ့သ်အသင်းဂိုးသမား ဆင်းဒ်လက်စွမ်းပြ ကာကွယ်ထားနိုင်သည့်အတွက် သွင်းဂိုးရရှိရေး ရုန်းကန်ခဲ့ရသည်။

ပွဲကစားချိန် ၁၀၁ မိနစ်တွင် တမ်းဝေါ့သ်အသင်းမှ နသန်ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ စပါးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ စပါးအသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ကလူဆက်စကီးနှင့် ဂျွန်ဆင်တို့က ပွဲကစားချိန် ၁၀၇ မိနစ်နှင့် ၁၁၈ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။

အက်ဖ်အေဖလား ပြိုင်ပွဲ တတိယအဆင့်မှ အခြားနာမည်ကြီးပွဲစဉ်ရလဒ်များတွင် လိဒ်စ်က ဟာရိုးဂိတ်ကို တစ်ဂိုး - ဂိုးမရှိ၊ မန်စီးတီးက ဆဲလ်ဖို့ဒ်ကို ရှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲကိုယ်စီရရှိပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။



■ နေရှင်နယ်လိဂ်ကလပ် တမ်းဝေါ့သ်အသင်းနှင့် စပါးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

## ကက်ဂလီယာရီကို တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း သရေဖြင့်ကျေနပ်ခဲ့ရသည့် အေစီမီလန်

အီတလီစီးရီးအေ ပွဲစဉ် (၂၀) မှ ဇန်နဝါရီ ၁၂ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် အေစီမီလန်နှင့် ကက်ဂလီယာရီအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့် ကက်ဂလီယာရီအသင်းသည် နိုင်ပွဲရရှိရေး ခြေကုန်ထုတ်လာသော်လည်း ပြိုင်ဘက်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။

ခြေစွမ်းထက်မြက်နေသည့် အေစီမီလန်အသင်းက ခြေစွမ်းသာလွန်မှုနှင့်အတူ ကက်ဂလီယာရီအသင်းကို ပွဲချိန်တစ်လျှောက် တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သည်။

အေစီမီလန်အသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေး ငါးကြိမ်ထက်မနည်း ရရှိခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် လေးကြိမ်အထိ လွဲချော်ခဲ့သည်။

ပွဲကစားချိန် ၅၁ မိနစ်တွင် တိုက်စစ်ကစားသမား မိုရာတာက အေစီမီလန်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ကက်ဂလီယာရီအသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် ၅၅ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ဇာတေးက သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်တွင် ဂျီနိုအာက ပါးမားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။



■ အေစီမီလန်တိုက်စစ်ကစားသမား အေဗရာဟမ် ကက်ဂလီယာရီအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။



## အဲဗာတန်က စကော့တလန်လူမျိုးနည်းပြ ဒေးဗစ်မိုယက်စ်ကို နည်းပြသစ်အဖြစ် ခန့်အပ်

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် နည်းပြ ရှောင်ဒိုက်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီးနောက် အသက် ၆၁ နှစ် အရွယ် စကော့တလန်လူမျိုးနည်းပြ ဒေးဗစ်မိုယက်စ်ကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဲဗာတန်အသင်းသည် လက်ရှိပရီမီယာလိဂ် ၁၉ ပွဲကစားပြီးချိန်တွင် တန်းဆင်းဇုန်အသင်းနှင့် တစ်မှတ်အကွာ အဆင့် (၁၆) တွင် ရပ်တည်နေသည်။ မိုယက်စ်သည် အဲဗာတန်အသင်းကို ၂၀၀၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ဖူးသူ ဖြစ်သည်။

၎င်းသည် အဲဗာတန်အသင်းအပြင် မန်ယူ၊ ဆိုစီဒက်၊ ဆန်းဒါးလန်းအသင်းတို့ကိုလည်း နည်းပြခဲ့ဖူးသူဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ဝက်စ်ဟမ်းအသင်းကို ကွန်ဖရင့်လိဂ်ဖလား ဆွတ်ခူးရရှိရန် စွမ်းဆောင်ပေးထားနိုင်သော မိုယက်စ်သည် ပြီးခဲ့သည့်ရာသီ ကုန်တွင် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာပြီးနောက် အသင်းလက်မဲ့နေသူဖြစ်သည်။

## တိုက်စစ်ကစားသမား ခါဗီချာအသင်းမှ ထွက်ခွာခွင့်ပြုရန် နာပိုလီအသင်းထံ တောင်းဆို



တိုက်စစ်ကစားသမား ခါဗီချာသည် အသင်းမှ ထွက်ခွာခွင့်ပြုရန် နာပိုလီအသင်းထံ တောင်းဆိုလိုက်ကြောင်း အသင်းနည်းပြဖြစ်သူ အန်တိုနီယိုကွန်တီက ပြောသည်။

နာမည်ကြီး ပီအက်စ်ဂျီ၊ လီဗာပူးနှင့် ချယ်ဆီးအသင်းတို့၏ ချိတ်ဆက်ခြင်းခံထားရသော အသက် ၂၃ နှစ်အရွယ် တိုက်စစ်ကစားသမားသည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် နာပိုလီအသင်း အမှတ်ပေးဖလားဆွတ်ခူးရရှိရေးတွင် အသင်းအတွက် အဓိကအရေးပါသူ တစ်ဦးဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် နာပိုလီအသင်းထံ ပြောင်းရွှေ့ရောက်ရှိခဲ့သော ခါဗီချာသည် ယခုနှစ်ရာသီ စီးရီးအေတွင် အသင်းအတွက် ငါးဂိုးသွင်းကာ သုံးကြိမ်ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

■ မိုးဇက် - စုစည်းသည်

# ဘားအံမြို့ မြို့မဈေး၌ ဈေးမီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

**ဘားအံ ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံတွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာမှုနှင့်အတူ မီးလောင်မှုများလည်း ဒေသအနှံ့အပြား၌ မကြာခဏ ဖြစ်ပေါ်လျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဈေးမီးလောင်မှုမဖြစ်ပွားစေရန်နှင့် မီးလောင်မှုဖြစ်ပွားလာပါက ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် ဈေးမီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့နယ် မြို့မဈေးကြီး၌ ဆောင်ရွက်သည်။



ထိုသို့ သရုပ်ပြလေ့ကျင့်ရာတွင် ပြည်သူတို့၏ အရင်းအနှီးများ စုစည်းထားရှိသည့်နေရာ၊ ကုန်စည်များ လည်ပတ်စီးဆင်းရာနေရာဖြစ်သည့် ဈေးများတွင် မီးလောင်မှုဖြစ်ပွားပါကထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ တပ်ဖွဲ့ဝင် ၄၀ နှင့်အတူ စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များဖြင့် မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခြင်းများကို သရုပ်ပြလေ့ကျင့်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကရင်ပြည်နယ် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော်က တပ်ဖွဲ့ဝင်များအား သင့်လေးသင့် ရှိရေး၊ မြန်သုံးမြန် ဖြစ်ရေး အလေးပေး ဆောင်ရွက်ရန်နှင့် စခန်းအလိုက် အရေးပေါ် ခေါ်ဆိုနိုင်ရေးထားရှိသော 191 ဖုန်းအား ပြည်သူလူထုအားလုံး သိရှိစေရေးအတွက် အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဆောင်ရွက်

**လပွတ္တာ ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့၌ ပွင့်လင်းရာသီရောက်လာပြီဖြစ်သဖြင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက လပွတ္တာမြို့ပေါ်ရှိ ရပ်ကွက် ၁၀ ခုတို့တွင် အလှည့်ကျစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ မီးဘေးအန္တရာယ်ကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်၊ မီးသတ်ဆေးဘူးများ အဆင်သင့် ထားရှိကြရန်၊ မိမိနေအိမ်တွင် အသုံးပြုသော လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်ရန်၊ အမှိုက်နှင့် လောင်စာများကို စနစ်တကျ စွန့်ပစ်ရေးနှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီအကြောင်းကြားရန် တစ်အိမ်တက်ဆင်း ကြည့်ရှုစစ်ဆေးအသိပညာပေးဆောင်ရွက်ကြောင်း သိရသည်။ **မူမူ**

# ရွှေကျောင်မြို့နယ် မြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေးအသိပညာပေး

**ရွှေကျောင် ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျောင်မြို့နယ် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။

မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်လတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ညီညီလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီအဖွဲ့တို့ ပူးပေါင်းကာ ဈေးအတွင်း လျှပ်စစ်မီးသုံးစွဲမှုနှင့် မီးချိတ်၊ မီးကပ်ထားရှိမှုများ ကြည့်ရှုစစ်ဆေးကာ ဈေးသူဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



**ထွန်းထွန်းဇော်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## အခြေခံပညာမူလတန်းလွန်ကျောင်း(တလုတ္တော်)ရှိ ကျောင်းသား ကျောင်းသူများအား တိုင်းရင်းဆေးဖြင့် ဆေးဝါးများကုသပေး

**တွံတေး ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တိုင်းရင်းဆေးကုဌာနမှ အမက(မူလွန်)တလုတ္တော်ကျောင်း၌ ကျောင်းသားကျောင်းသူများ ဆောင်းတွင်းကာလ ဖြစ်ပွားတတ်သော ရောဂါများမဖြစ်ပွားစေရေး အသိပညာပေးဟောပြောခြင်းနှင့် ဆေးဝါးကုသပေးခြင်းကို ယမန်နေ့က အမက(မူလွန်)တလုတ္တော်ကျောင်း၌ ဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲတွင်မြို့နယ်တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်နွယ်နွယ်ဦးက ကျောင်းသားကျောင်းသူ ၁၅၀ တို့ အား ဆောင်းရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် စာမေးပွဲအောင်မြင်စွာဖြေဆိုနိုင်ရန်၊ ကျန်းမာရေးဂရုစိုက်ကြရန်၊ တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို တိုင်းရင်းဆေးဖြင့်ကုသပေးရာ အမျိုးသား အမျိုးသမီးနှင့် ကလေးငယ် စုစုပေါင်း ၈၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး စကြံ့မင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ရွှင်ပြုံးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ လှူဒါန်းသော ဆေးဝါးများကိုလည်း ကျောင်းအုပ်ဆရာမကြီးအားပေးအပ်ခဲ့သည်။

တွံတေးသား

### မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုအစီအစဉ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် (သောကြာနေ့)ညတွင် ချင်းတိုင်းရင်းသား MQT Music Band တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ချင်းတိုင်းရင်းသား/သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် **"အောက်ချင်းငှက်သစ္စာ"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၇-၁-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "အောက်ချင်းငှက်သစ္စာ" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
| --- | --- | --- |
| ၁။ | ကဗျာဆန်တဲ့ချင်းတို့မြေ | တိုင်းရင်းသူအဆိုရှင် |
| ၂။ | တောင်ဇလပ်ပင်အောက်က သဇင်ချစ်သူ | တိုင်းရင်းသားအဆိုရှင် |
| ၃။ | အချစ်ဖော်ကောင် | တိုင်းရင်းသူအဆိုရှင် |
| ၄။ | ချယ်ရီမြို့ | တိုင်းရင်းသူအဆိုရှင် |
| ၅။ | တောင်ဇလပ်အိမ်ပြန်ချိန် | တိုင်းရင်းသူအဆိုရှင် |
| ၆။ | တောင်ဇလပ် | တိုင်းရင်းသူအဆိုရှင် |
| ၇။ | Lairam Na Dam Maw?<br>(လွမ်းဆွတ်ရတဲ့ ချင်းတို့မြေ) | တိုင်းရင်းသူအဆိုရှင် |
| ၈။ | မီးအိမ်ရှင် | တိုင်းရင်းသားအဆိုရှင် |
| ၉။ | တို့တောင်ပေါ်မြေ | တိုင်းရင်းသူအဆိုရှင် |
| ၁၀။ | နွေ့သစ်ဆီသို့ | တိုင်းရင်းသားအဆိုရှင် |
| ၁၁။ | ချင်းတို့ဌာနေ | Group Song |

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

### ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အ.မ.က(လွန်) အဗျားငှက်ချေးဝင်းကျောင်း Grade-8 မှ မအိန္ဒြေမိုးမြင့်နှင့် မရတနာသွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်းထွန်း ၇/ဝမန(နိုင်)၁၂၂၁၀၁ ဖြစ်ပါကြောင်း။

ဦးနိုင်လင်းထွန်း

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ရွာမကံစုရပ်၊ သပြေလမ်းနေ (ဘ)ဦးကြည် ၏သား မောင်ခင်မောင်ချို ၈/မဘန(နိုင်)၀၇၆၃၀၂၏နိုင်ငံကူးလက်မှတ်အမှတ် MD 287339 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph-09 534 1354

### "ကွယ်လွန်သူ ဒေါ်အုန်းကြည်၏ အမွေဆက်ခံသူများနှင့် အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ သာသနာ့ဒီပါရုံကျောင်းလမ်း၊ အမှတ်(၆၅၆)နေ ဒေါ်အေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ ကွယ်လွန်သူ ဒေါ်အုန်းကြည် ၏ အမွေဆက်ခံသူ သားသမီးများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲမြောက်ကွက် အမှတ်-၁၃B၊ ဦးပိုင်အမှတ်-၁၀၀၊ မြေဧရိယာ(၀.၃၃၅)ဧက ကျယ်ဝန်းသော ဘိုးဘပိုင်မြေကွက်နှင့် မြေပေါ်ရှိ တစ်ထပ်ခွဲ ပတ်ကားနေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးမြ (နှမ) ဒေါ်သောင်းကြည်တို့ အမည်ပေါက်ပိုင်ဆိုင်သော အရပ်ရပ်ပစ္စည်းများ ဖြစ်ပါသည်။ ဒေါ်သောင်းကြည်သည် အပျိုဘဝနှင့်ကွယ်လွန်ခဲ့ပြီး ဦးမြသည် ဒေါ်ရွှေသွယ်နှင့်အိမ်ထောင် ကျရာ ဒေါ်အုန်းကြည်နှင့် ဦးကျင်သိန်းတို့ကို မွေးဖွားခဲ့ပါသည်။ အမွေရှင်မိဘများနှင့် အမွေခံ သားသမီးများဖြစ်သော ဒေါ်အုန်းကြည်နှင့် ဦးကျင်သိန်းတို့ကွယ်လွန်ပြီးနောက် ဒေါ်အုန်းကြည် ၏ သားသမီးများနှင့် ဦးကျင်သိန်း ၏ဇနီးဖြစ်သူ ကျွန်ုပ်တို့၏အမှုသည် ဒေါ်အေးမြင့်တို့သည် အထက်ပါမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး အမွေခွဲဝေမှု မပြုရသေးကြောင်း သိရှိရပါသည်။

သို့ပါ၍ အထက်ပါမြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကျင်သိန်း(ကွယ်လွန်)၏ အမွေဆက်ခံသူ ဇနီးဒေါ်အေးမြင့်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ပေးကမ်းခြင်းနှင့် အခြားနည်း တစ်စုံတစ်ရာလွှဲပြောင်းခြင်းမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
| --- | --- |
| ဒေါ်ခင်မြတ်သူ (LL.B) | ဒေါ်ကြည်ပြာအောင် (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၀၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၇၂) |
| အမှတ်(၇၉)၊ ဗိုလ်ချုပ်လမ်း၊ | အမှတ်(၆၆၉)၊သာသနာ့ဒီပါရုံကျောင်းလမ်း၊ |
| ရွာဘဲရပ်ကွက်၊ ပြည်မြို့။ | ရွာဘဲရပ်ကွက်၊ ပြည်မြို့။ |

## လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

**လေပြင်းဘေးအသိပညာပေးစာစောင်**



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပုံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက်ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ထမနဲလှူဒါန်းပွဲ

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ထမနဲလှူဒါန်းပွဲအား ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း(၈/၉)ရက် (၅/၆-၂-၂၀၂၅)ရက်တို့တွင် ထမနဲထိုးပွဲကျင်းပပြီး မြတ်စွာဘုရားအားရည်မှန်း၍ ထမနဲဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ကျောင်းတိုက်ကြီးများမှ သံဃာတော်များအား ထမနဲအရုဏ်ဆွမ်းများ ပို့ဆောင်ဆက်ကပ်လှူဒါန်းခြင်း၊ ထမနဲစတုဒိသာများ ဝေငှခြင်းနှင့်ထမနဲဆွမ်းဆန်စိမ်းလောင်းလှူခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။ ထမနဲဆွမ်း လှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် ထမနဲတစ်ဒယ်လျှင် ၁၀၀၀၀၀ိ/-နှုန်းဖြင့် ဂေါပကရုံးသို့ အချိန်မီဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်းနှင့် အလှူရှင်များသို့ ထမနဲလက်ဆောင်ခြင်းများ ပြန်လည်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်**
ဖုန်း- ၀၉-၂၅၀၃၆၉၄၇၉၊ ၀၉-၈၇၉၆၃၀၈၂၅၊ ၀၉-၇၉၉၃၀၉၄၉၉

## နှစ်ဦးသဘောတူ ထိမ်းမြားမင်္ဂလာလက်ထပ်ပြီးစီးခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ကန်ကြီးထောင့်မြို့နယ်၊ ကျွန်းလျားရှည်အုပ်စု၊ ညောင်ချောင်းကျေးရွာနေ မောင်ဝင်းမိုးကျော် (ဘ) ဦးဝင်းရွှေ (၁၄/ကကထ(နိုင်)၁၉၈၂၁၅) နှင့် ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၅)၊ ခတ်မြေသြဇာစက်ရုံဝန်ထမ်းအိမ်ရာနေ မချစ်မိုးမိုးဝေထွန်း (ဘ) ဦးတင်ထွန်း (၈/ခမန(နိုင်)၂၁၅၀၅၄) တို့သည် ၁၁-၁-၂၀၂၅ရက်တွင် ကျွန်ုပ်၏ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ထိမ်းမြားမင်္ဂလာလက်ထပ်ပြီးစီးပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ဝင်းမိုးကျော်နှင့် မချစ်မိုးမိုးဝေထွန်း တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နေခြည်လင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၂၃၀)(၂၈-၆-၂၀၁၉)**
**ထင်းပုံဆိပ်ရပ်ကွက်၊ ရ.က.အ(၉)၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး**
**ဖုန်း-၀၉၇၇၄၄၅၅၄၅၉၆၊ ၀၉-၂၅၀၈၇၄၈၅၂**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၀/တံတားဦးအနောက်)၊ ဦးပိုင်အမှတ် (၄၄-ခ)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေကွက်အား မြေငှားဂရန်အမည်ပြောင်း/သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဦးကျော်မြင့်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဒေါ်ခင်တင့်နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၂၃)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ(၀.၀၅၅၁)ကေအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် တပ်သားရဲမြင့် (ကျဆုံး)အမည်ပေါက်သည့် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား မိခင်ဖြစ်သူ ဒေါ်ခင်တင့်မှ လွှဲပြောင်းရောင်းချခဲ့သဖြင့် ကျွန်မဒေါ်ချိန်ချွင်းရီမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာလက်ရှိထားပိုင်ဆိုင်လျှက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၂၀.၁.၂၀၂၅) နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ခင်တင့်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ချိန်ချွင်းရီ**
**၅၆-အေ၊ ၁၀၈ x ၁၀၉လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉ ၂၀၁၄၈၂၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/35497,HONDA WAVE-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဇော် ၁၄/အမန(နိုင်)၁၂၈၈၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

